မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၄၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)၊ Melt Shop-1 ပြန်လည်စတင်ခြင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် Melt Shop-1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး Billet ထုတ်လုပ်ခြင်းလုပ်ငန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## အနောက်တောင်မုတ်သုံလေ ဝင်ရောက်

နေပြည်တော် မေ ၃၁

၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**မြန်မာ့အလင်း**

## လေထုမငြိမ်မသက်မှုဖြစ်ပေါ်ရာမှ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၃၁

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဇွန် ၅ ရက်မှ ၁၀ ရက်အတွင်း လေထုမငြိမ်မသက်မှုဖြစ်ပေါ်ရာမှ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ခြေရှိသည်ဟု ခန့်မှန်းရသည်။ အဆိုပါ လေထုမငြိမ်မသက်မှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇွန် ၅ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

ယနေ့ ဖတ်စရာ

ပြတိုက်၊ လူငယ်နှင့် နွေကာလလှုပ်ရှားမှုများ — ဆောင်းပါး စာ ၉

တစ်ဦးချင်းပညာအခြေခံမှသည် ပညာအခြေခံလူ့အဖွဲ့အစည်းသို့ — ဆောင်းပါး စာ ၁၆

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချ — ပြည်တွင်းသတင်း စာ ၁၇

မြန်မာ့အလင်း

# သံနှင့်သံမဏိ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြေလှမ်း

သံနှင့်သံမဏိထုတ်လုပ်မှုသည် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် အရေးပါသကဲ့သို့ နိုင်ငံစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသည်။ မိမိတို့နိုင်ငံသည် သံနှင့်သံမဏိ လိုအပ်ချက်ကို ပြည်တွင်းထုတ်လုပ်မှုဖြင့် မလုံလောက်သည့်အတွက် ပြည်ပမှတင်သွင်းနေရသည့် နိုင်ငံဖြစ်ရာ ပြည်တွင်း၌ သံနှင့်သံမဏိ တိုးတက်ထုတ်လုပ် ဖြည့်ဆည်းပေးခြင်းဖြင့် အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားမှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သံနှင့်သံမဏိလိုအပ်ချက်မှာ နှစ်စဉ်တန်ချိန် ၂ ဒသမ ၅ သန်းမှ ၃ သန်းခန့်အထိရှိပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် သံနှင့်သံမဏိ လိုအပ်ချက်မှာလည်း နှစ်စဉ်မြင့်တက်လျက်ရှိသည်။ ပြည်တွင်း သံနှင့်သံမဏိ ထုတ်လုပ်မှုအနေဖြင့် နိုင်ငံပိုင် သံရည်ကျိုစက်ရုံ ခြောက်ရုံနှင့် မှတ်ပုံတင်ပုဂ္ဂလိက သံရည်ကျိုလုပ်ငန်း ၃၆၂ ခုတို့ရှိနေပြီး ပြည်တွင်းထုတ်လုပ်မှုတန်ချိန် ၁ သန်းခန့်သာရှိနေရာ လိုအပ်ချက်အများစုကို ပြည်ပမှတင်သွင်းနေရသည်။ ယင်းသို့ တင်သွင်းရသည့်အတွက် နှစ်စဉ်နိုင်ငံခြားငွေ ၁ ဘီလီယံကျော် ၂ ဘီလီယံနီးပါး သုံးစွဲနေရခြင်းဖြစ်ရာ ပြည်တွင်း သံ၊ သံမဏိ တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များစွာနောက်ကျကျန်ရစ်နေပြီဖြစ်သည့် မြန်မာနိုင်ငံ၏ သံနှင့် သံမဏိထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားရန်လည်း လိုအပ်လျက်ရှိသည်။

၂၀၀၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် နိုင်ငံပိုင် သံနှင့်သံမဏိ ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သော အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၏ ညွှန်ကြားမှုဖြင့် ရပ်ဆိုင်းခဲ့ရသည့်အတွက် မိမိတို့နိုင်ငံ၏ သံနှင့်သံမဏိ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ရသည်။ ထိုစဉ်က အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) တည်ဆောက်မှု ၆၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး စက်ပစ္စည်းများလည်း ၉၀ ရာခိုင်နှုန်းကျော် ရောက်ရှိနေကာ ရင်းနှီးမြှုပ်နှံမှု ကျပ်သန်းပေါင်း ၄၀၃၉၃၃ ခန့်ရှိနေချိန်တွင် စီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် နိုင်ငံအတွက် ဘဏ္ဍာငွေများစွာ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သံမဏိထုပ်လုပ်မှုလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် လိုအပ်ချက်ဖြစ်ခြင်းကြောင့် စက်ရုံစီမံကိန်းများအား စနစ်တကျအပိုင်းလိုက် တည်ဆောက်၍ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ပြီးစီးစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။ စက်ရုံပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့မှုကြောင့် လက်ရှိအခြေအနေတွင် သံရည်ကျိုအလုပ်ရုံ Melt Shop -1 ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သံနှင့်သံမဏိ ထုတ်လုပ်ရေးအတွက် သံပါဝင်မှုမြင့်မားသည့် သတ္တုသိုက်များစွာရှိပြီး အခြားလိုအပ်ချက်များဖြစ်သော ကျောက်မီးသွေး၊ ထုံးကျောက်တို့လည်း ထုတ်ယူရရှိနိုင်သည်။ ပြည်တွင်း သံနှင့်သံမဏိ လိုအပ်ချက်များ နှစ်စဉ်မြင့်တက်နေလျက်ရှိရာ ပြည်တွင်းမှ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ သံနှင့်သံမဏိ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်း စသောအကျိုးကျေးဇူးများ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို ဇွန် ၃ ရက်တွင်လည်းကောင်း အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို ဇွန် ၇ ရက်တွင်လည်းကောင်း ထုတ်ပြန်သွားမည်

**နေပြည်တော် မေ ၃၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို နယုန်လပြည့်ကျော် (၁) ရက် ဇွန် ၃ ရက် စနေနေ့၊ နံနက် ၆ နာရီတွင်လည်းကောင်း၊ အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို နယုန်လပြည့်ကျော်(၅)ရက် ဇွန် ၇ ရက် ဗုဒ္ဓဟူးနေ့၊ နံနက် ၆ နာရီတွင်လည်းကောင်း၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာလုပ်ငန်းသုံး ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်များ ဝယ်ယူရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း တို့အတွက် အရင်းအနှီးလိုအပ်ချက်ရှိသူ တောင်သူဦးကြီးများသို့ **စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ**များကို ၁ နှစ်လျှင် အတိုးနှုန်း ၅ % ဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး **ကျပ်သိန်း ၇၀၀**၊ တောင်သူအစုအဖွဲ့ (၁) ဖွဲ့အတွက် အများဆုံး **ကျပ်သိန်း ၅၀၀၀** အထိ ရယူထုတ်ချေးနိုင်ပြီး တောင်သူစိတ်ကြိုက်ဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို စက်ကိရိယာအရောင်းပြခန်းကုမ္ပဏီများထဲတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်။ ချေးငွေပေးဆပ်ရာတွင် ထော်လာဂျီ၊ လက်တွန်းထွန်စက်ချေးငွေအတွက် ၃ နှစ် ၃ ရစ်၊ အဆိုပါစက်များမှအပ ကျန်စက်ကိရိယာများအတွက် ၅ နှစ် ၅ ရစ် ပေးဆပ်သည့်စနစ်ဖြစ်ပါသည်။

ချေးငွေရယူလိုသော တောင်သူဦးကြီးများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/ မြို့နယ်ဘဏ်ခွဲများနှင့်ဆက်သွယ်၍ ချေးငွေအတွက် တင်သွင်းရမည့်အာမခံနှင့် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို စုံစမ်းမေးမြန်းပြီး ချေးငွေလျှောက်ထားရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ချေးငွေနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ၏ လိပ်စာ၊ အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၈၃၉၁၂၃၅ သို့လည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ စစ်တွေမြို့၌ တောင်သူဦးကြီးများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**စစ်တွေ မေ ၃၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ စစ်တွေမြို့မှ တောင်သူဦးကြီးများအား ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ မန်နေဂျာ ဦးမိုးဇော်ရွှေက ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်နိုင်ငံလုံးအနေဖြင့် မေ ၁၆ ရက်မှစတင်ကာ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်ခဲ့မှုကြောင့် ချေးငွေများကို ယနေ့မှစတင်၍ ထုတ်ချေးပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ဘဏ်ခွဲမန်နေဂျာနှင့် ဝန်ထမ်းများက တောင်သူဦးကြီးများအား ချေးငွေများ ထုတ်ချေးပေးကြသည်။ အဆိုပါချေးငွေထုတ်ချေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ စစ်တွေမြို့အနေဖြင့် အောင်ဒိုင်ကျေးရွာအုပ်စုမှ တောင်သူ ၁၂၁ ဦးအား လယ်ဧက ၆၃၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၉၄၆၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပေါင်းတည်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**ပေါင်းတည် မေ ၃၁**

ပေါင်းတည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ပေါင်းတည်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်ဆဲပွယ်ဖောက ကျောင်းအပ်လက်ခံရရှိမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သူရကြီး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရှင်းလင်းတင်ပြစဉ်။

*❊ ရှေ့ဖုံးမှ*

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြရာတွင် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုများကို ငွေကုန်ကြေးကျအနည်းဆုံးဖြင့် စက်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ သံရည်ကျိုအလုပ်ရုံ Melt Shop–1 ဆိုင်ရာအချက်အလက်များ၊ ၂၀၁၇ ခုနှစ်နောက်ပိုင်း စက်ရုံစီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် စက်ရုံပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ရာတွင် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်မှစ၍ သံရည်ကျိုလုပ်ငန်း ဆောင်ရွက်ခဲ့မှုများ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံတွင် သံနှင့်သံမဏိလိုအပ်ချက်အနေဖြင့် နှစ်စဉ် တန်ချိန် ၂ သန်းခန့်ရှိပြီး ပြည်ပငွေများစွာ သုံးစွဲနေရကြောင်း၊ ထို့ကြောင့် ယခင် အစိုးရလက်ထက်က ရပ်တန့်ခဲ့သည့် စက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မည့်နေရာများကို မြေပြင်ကွင်းဆင်း သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း စဉ်းစားဆောင်ရွက်ထားရန်လိုကြောင်း၊ စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ Melt Shop–1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေး အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သံနှင့်သံမဏိလိုအပ်ချက်ကို ယခုစက်ရုံနှင့် ပင်းပက်စက်ရုံတို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်နှင့် မွေးထုတ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ နောင်အနာဂတ်တွင် စက်ရုံသို့ ပို့ဆောင်မည့်ကုန်ကြမ်းများ၊ စက်ရုံမှထွက်ရှိလာသည့် သံနှင့် သံမဏိပစ္စည်းများကို လျှပ်စစ်ရထားအသုံးပြု၍ သယ်ယူပို့ဆောင်ဖြန့်ဖြူးနိုင်ရေးအတွက်လည်း ရေရှည်ကိုမျှော်တွေး၍ တွက်ချက်ဆောင်ရွက်ထားရှိရန် လိုကြောင်းဖြင့် မှာကြားပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သံမဏိစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**❍ စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ Melt Shop-1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအပြည့်အဝလည်ပတ်နိုင်ရေး အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်၊ မိမိတို့နိုင်ငံ၏ သံနှင့်သံမဏိ လိုအပ်ချက်ကို ယခုစက်ရုံနှင့် ပင်းပက်စက်ရုံတို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန်လို၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်နှင့် မွေးထုတ်သွားရန်လို**

**စက်ခလုတ်နှိပ်၍ စတင်လည်ပတ်**

ထို့နောက် သံမဏိစက်ရုံအတွင်း သံရည်ကျိုအလုပ်ရုံ Melt Shop–1 သို့ ရောက်ရှိပြီး အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၊ Melt Shop–1 ပြန်လည်စတင်ခြင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Melt Shop–1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး Billet ထုတ်လုပ်ခြင်းလုပ်ငန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်သံရည်ကျိုဌာနရှိ သံရည်ကျိုလုပ်ငန်းအား စက်ခလုတ်နှိပ်၍ စတင်လည်ပတ်စေသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Melt Shop–1 အတွင်း လျှပ်စစ်သံရည်ကျိုဌာန၌ သံရည်ကျို လုပ်ငန်းများဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ်သံရည်ကျိုပုံလောင်းဌာနမှ ၉ မီတာအရှည်ရှိ သံမဏိလေးထောင့်တုံး(Steel Billet)များ ထုတ်လုပ်နေမှုကို တစ်ခုချင်း အသေးစိတ်ကြည့်ရှုစစ်ဆေးရာ ဌာနအလိုက်တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ Melt Shop–1 အတွင်း လျှပ်စစ်သံရည်ကျိုဌာနမှ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ထုတ်လုပ်ခဲ့သည့် သံမဏိလေးထောင့်တုံး Billet ပေါ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပပညာရှင်များအား သစ်သီးခြင်းကို ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Melt Shop–2 သို့ ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်နေမှု အခြေအနေများကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် စတင်ထုတ်လုပ်ခဲ့သည့် သံမဏိပြားများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) ဝန်ထမ်းစားရိပ်သာ၌ စက်ရုံဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ပြီး ဝန်ထမ်းများကို သံမဏိထုတ်လုပ်မှုများ တိုးတက်စေရေး အားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီးတွင်တည်ရှိပြီး ၂၀၀၄ ခုနှစ်တွင် စတင်စာချုပ် ချုပ်ဆိုအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် Malt Shop–2 အလုပ်ရုံမှ သံမဏိပြားတန်ချိန် ၂၀၀၀ ကို စတင်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သံမဏိစက်ရုံ(မြင်းခြံ) အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၀ ရာခိုင်နှုန်းကျော်ရောက်ရှိနေပြီဖြစ်သော်လည်း ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ (၇/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ရကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်မှစ၍ စီမံကိန်းရပ်ဆိုင်းခဲ့ရစဉ် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကျပ်သန်းပေါင်း ၄၀၃၉၃၂ ဒသမ ၈၈၂ သန်းရှိပြီဖြစ်ပြီး စီမံကိန်းပြီးစီးမှု ရာခိုင်နှုန်းအနေဖြင့် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း၊ ထိုသို့ စီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ထိခိုက်ဆုံးရှုံးခဲ့ရပြီး စီမံကိန်းချေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် ဆက်လက်ပေးဆပ်ခဲ့ရကြောင်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ပြီး သံနှင့်သံမဏိထုတ်လုပ်ရေးစီမံကိန်းများ အောင်မြင်ပြီးစီးပါက ပြည်ပမှ သံနှင့်သံမဏိတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်ပဈေးနှုန်းထက် သက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူသည့်အချိန်တွင် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ကျင်းပပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/ ၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်အရ သံမဏိစက်ရုံစီမံကိန်းများကို ပြန်လည်စိစစ်၍ လုပ်ငန်းများ ပြန်လည်စတင်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် စက်ရုံစီမံကိန်းများအား စနစ်တကျဖြင့် အပိုင်းလိုက် တည်ဆောက်၍ မှန်မှန်ကန်ကန်ဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း ဖြင့် မှာကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Phase–1 (Melt Shop–1) ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး Phase–1 အပြည့်အဝလုပ်ငန်းလည်ပတ်ချိန်တွင် Phase–2 (Melt Shop–2) အား လုပ်ငန်းလည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေး အဆင့်လိုက်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြားလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ယခုထက်ပိုမိုတိုးတက်လာစေရေး အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)မှ အဓိက အင်အားစုတစ်ခုအဖြစ် အားဖြည့်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပ ပညာရှင်များအား သစ်သီးခြင်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)ရှိ ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## စစ်တွေနှင့် မြောက်ဦးမြို့နယ်တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မေ ၃၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများနှင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများထံသို့ တာဝန်ရှိသူများက ယနေ့တွင် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်(MLCA)နှင့် အလှူရှင်များမှ စုပေါင်းလှူဒါန်းမှုဖြင့် ချက်ပြုတ်ပေးပို့လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လှူဒါန်းနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။ ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြောက်ဦးမြို့ရှိ လူစည်ကားရာနေရာများ၌ ဒေသခံပြည်သူများအား ဒံပေါက်ထမင်းဘူးများ ပေးအပ်သည်။

ထို့ပြင် ချက်ပြုတ်ပြင်ဆင် ပေးပို့လှူဒါန်းလျက်ရှိသည့် နေရာများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ပြင်ဆင်ထုပ်ပိုးရေး၊ ဆန်၊ ကုန်ခြောက်နှင့် ကုန်စိမ်းသီးနှံများ စနစ်တကျသိုလှောင်ထားရှိမှုများ၊ သောက်သုံးရေ အဆင်ပြေစေရန်နှင့် လိုအပ်သည့်စားကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးရန်အတွက် စစ်တွေတပ်နယ်မှ မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၏ စစ်တွေထပ်ဆင့်လွှင့်စက်ရုံတွင် မီတာ ၃၀ တာဝါတိုင် အစားထိုးစိုက်ထူ၍ ရုပ်သံ (TV) နှင့် FM ရေဒီယိုများ ပြန်လည်ထုတ်လွှင့်


**စစ်တွေ မေ ၃၁**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မေ ၁၄ ရက်က ပြိုလဲပျက်စီးခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စစ်တွေထပ်ဆင့်လွှင့်စက်ရုံတွင် မီတာ ၁၀၀ တာဝါတိုင် ပြိုလဲပျက်စီးခဲ့မှုနှင့်အတူ ရုပ်သံ (TV) နှင့် FM ရေဒီယိုများ ထုတ်လွှင့်မှုရပ်ဆိုင်းခဲ့ရာမှ မေ ၃၀ ရက် ညနေ ၆ နာရီမှ စတင်၍ မူလလှိုင်းနှုန်းများအတိုင်း ပြန်လည်ထုတ်လွှင့်နိုင်ပြီဖြစ်သည်။ (ဓာတ်ပုံ)

အဆိုပါ စက်ရုံတွင် မီတာ ၁၀၀ တာဝါတိုင်ပြိုလဲမှုအပြင် စက်ရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအမိုးများ ထိခိုက်ပျက်စီးခဲ့ရာ တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြိုလဲပျက်စီးခဲ့သော မီတာ ၁၀၀ တာဝါတိုင်အား ဖြုတ်သိမ်းရှင်းလင်းမှုနှင့်အတူ မီတာ၃၀ တာဝါတိုင် အစားထိုးစိုက်ထူပြီး DVB–T2 နှင့် FM ရေဒီယိုအင်တာနာများ တပ်ဆင်ခြင်း၊ TVRO စလောင်းများ ပြန်လည်တပ်ဆင်ခြင်း၊ ယာယီလွှင့်စက်များ ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး စမ်းသပ်ထုတ်လွှင့်မှုများ ပြုလုပ်၍ မေ ၃၀ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ မီးစက်အသုံးပြု၍ စတင်ထုတ်လွှင့်ခြင်းဖြစ်ကြောင်းနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအလိုက် ထုတ်လွှင့်ချိန် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွန်း သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ် သက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းရပ်များတွင် တရုတ်နိုင်ငံ အနေဖြင့် ကူညီပေးရန် အသင့်ရှိ နေခြင်းကိစ္စရပ်များ၊ မြန်မာ- တရုတ် နှစ်နိုင်ငံနယ်နိမိတ်နှင့် မြန်မာ-ထိုင်း နယ်နိမိတ်နယ်စပ် ဒေသတို့တွင် ဖြစ်ပေါ်နေသော Online လိမ်ညာမှု၊ လောင်းကစား မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်း ဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်နှင့် တရားခံပြေးများ ဖော်ထုတ် ဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် မူးယစ် ဆေးဝါး ထုတ်လုပ်မှုနှင့် သယ်ဆောင် ရောင်းဝယ်မှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရိကာဆာများနှင့် ဓာတုပစ္စည်း များ ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ် များ၊ မြန်မာ- တရုတ် နှစ်နိုင်ငံ သတ္တမအကြိမ် တရားဥပဒေစိုးမိုး ရေးနှင့် လုံခြုံရေးပူးပေါင်း ဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေး ဆောင်ရွက်နိုင်ရေး၊ လန်ချန်း-မဲခေါင် တရားဥပဒေ စိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များ၊ လန်ချန်း- မဲခေါင် အကူအညီပေးရေးအစီ အစဉ်မှ အခြေခံ အဆောက်အဦ များ တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ နည်းပညာ အသုံးပြုမှုများနှင့် လေ့ကျင့် သင်တန်းပေးမှုများတွင် တိုးမြှင့်ကူညီ ဆောင်ရွက်ပေးသွား မည့်ကိစ္စရပ်များ၊ သတင်းအချက် အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ရေးကိစ္စရပ်များ၊ မြန်မာ- တရုတ် နှစ်နိုင်ငံ တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ နှင့် ဆက်လက်ပူးပေါင်း ဆောင် ရွက်သွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၁) ရဲဗိုလ်ချုပ် အောင်အောင်နှင့် နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် UNOCHA ၏ ယာယီအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင် ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ ယာယီအကြီးအကဲ Ms. Danielle Parry ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်အောက်ခံအဖွဲ့အစည်းများက မိုခါမုန်တိုင်းဒဏ် သင့် ပြည်သူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် အဆင်ပြေချောမွေ့ရေး၊ ထိရောက်မှုရှိစေရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ဆွေးနွေးသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး စစ်တွေမြို့နယ် မှန်စီကျေးရွာသွား ကားလမ်းပေါ်ရှိ ပေ ၅၀ ဘေလီတံတား တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၃၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေ မြို့နယ် မင်းဂံ-မှန်စီ ကျေးရွာလမ်း ၃/၂ မိုင်ပေါ်ရှိ မုန်တိုင်းဒီရေကြောင့် ပျက်စီး သွားသော ကွန်ကရစ်တံတားနေရာ၌ ပေ ၅၀ ဘေလီတံတား အစားထိုး တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါ ဒါးပိုင်ချောင်းကူး ပေ ၂၀ ကွန်ကရစ်တံတားသည် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ က တည်ဆောက်ခဲ့သော တံတားဖြစ် ပြီး မင်းဂံ-မှန်စီ ကွန်ကရစ်လမ်းသည် လည်း စည်ပင်သာယာအမှိုက်သိမ်းယာဉ် များ ဖြတ်သန်းအသုံးပြုနေသောလမ်း ဖြစ်သည်။ ယခုအခါ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ယာယီဘေလီ တံတား ပြန်လည်တည်ဆောက်ပေး လျက်ရှိရာ အမြန်ပြီးစီးရေး လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့သည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျေးတောပိုက်စိပ်ရပ်ကွက်၌ ဆိုလာသုံး ရေသန့်စက်သုံးလုံးဖြင့် ရပ်ကွက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံး ရေ ပေးဝေမှုကိုလည်းကောင်း၊ ဆက် လက်၍ မင်းဒရားချိတ်ရပ်ကွက်၊ ရွာကြီး မြောက်ရပ်ကွက်တို့တွင် ရွှေ့လျားရေ သန့်ယာဉ်ဖြင့် ရေဖြန့်ဝေပေးနေမှုများကို လည်းကောင်း လိုက်လံအားပေးကြည့်ရှု ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၃၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Sholban Kara-Ool ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မှ ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မေ ၂၈ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်



စစ်တွေ မေ ၃၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဖောင်တော်ကြီး ဆိပ်ခံတံတား ရှင်းလင်းဆောင်၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း မိုခါ မုန်တိုင်း ဘေးဒဏ်သင့်ခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိုခါ မုန်တိုင်းတိုက်ခတ်မှုကြောင့် မိမိတို့ ဌာနများတွင်လည်း အုပ်ချုပ်မှုအဆောက်အဦများ၊ လူနေအဆောက်အဦများ ထိခိုက်ပျက်စီးမှုရှိခဲ့ပါကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်အလိုက် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယခုပေးအပ်သည့် ထောက်ပံ့ငွေ များသည် လတ်တလော အရေးပေါ် သုံးစွဲရမည့် ကိစ္စရပ်များအတွက် အထောက်အပံ့ဖြစ်စေရန် ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မုန်တိုင်းဒဏ်သင့် အခြားဒေသများသို့ ဆောလျင်စွာ ပေးပို့ထောက်ပံ့သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဌာနအလိုက် တာဝန်ရှိသူများက လက်ခံရယူကြပြီး **(အပေါ်ယာပုံ)** ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ယင်းနောက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ AQUARIUS သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို စက်ယန္တရားကြီးများဖြင့် ဆိပ်ကမ်းပေါ်သို့ ပို့ဆောင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ စစ်တွေမြို့ ဘက်စုံသုံး ဆိပ်ကမ်းသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် စစ်ရေယာဉ် မြစ်ကြီးနား ဆိုက်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရောက်ရှိလာသည့် ပြန်လည် ထူထောင်ရေး ပစ္စည်းများအား ဘေးသင့်ဒေသများသို့ ဆောလျင်စွာ ဖြန့်ခွဲပေးပို့နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများ၏ ပြန်လည် ထူထောင်ရေးဆိုင်ရာ တင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်း ဒဏ်သင့်မြို့ရွာများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် ရွေ့လျားရေသန့်ကားများ၊ Life Straw (ရေနောက်မှရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက်များ၊ ဆိုလာစနစ်သုံး ရွေ့လျားရေသန့်စက်များဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

ရွေ့လျားရေသန့်ကားများကို စစ်တွေမြို့နယ်တွင် သုံးစီး၊ ရသေ့တောင်မြို့နယ်တွင် နှစ်စီး၊ မင်းပြားမြို့နယ်တွင် တစ်စီး ဖြန့်ခွဲပေးပို့ထားပြီး ထပ်မံရောက်ရှိလာမည့် ရွေ့လျားရေသန့်ကား သုံးစီးကိုလည်း ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့နယ်များသို့ အမြန်ဆုံးပေးပို့သွားမည် ဖြစ်သည်။

အဆိုပါ ရွေ့လျားရေသန့်ကားများသည် တစ်နာရီလျှင် ရေဂါလန် ၈၀၀ သန့်စင်ပေးနိုင်ပြီး မေ ၁၆ ရက်မှ ၃၁ ရက်အထိ သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် အသီးသီး၌ သန့်ရှင်းသော သောက်သုံးရေ ဂါလန် ၂၈၅၅၀၀ ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်သည်။

အလားတူ လျှပ်စစ်ဓာတ်အား မလိုအပ်သည့် တစ်နာရီလျှင် ၃ ဂါလန်ခန့် သန့်စင်ပေးနိုင်သော Life Straw (ရေနောက်မှရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက် အလုံး ၂၁၀ ကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ပေါက်တော၊ ဘူးသီးတောင်၊ မောင်တောနှင့် မြေပုံမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၁၄၃ ရွာသို့ ဖြန့်ခွဲပေးပို့ထားပြီး ယင်းရေသန့် စက်တစ်လုံးသည် လူဦးရေ ၁၀၀ အတွက် တစ်နေ့တာ သောက်သုံးရန်ရေကို လုံလောက်စွာ သန့်စင်ပေးနိုင်ကြောင်း သိရသည်။

ထို့အတူ မြေသားရေစုကန်မှ နောက်ကျိနေသော ရေများကို စုပ်ယူသန့်စင်ပေးနိုင်သည့် ဆိုလာသုံး ရွေ့လျားရေသန့်စက် သုံးစုံဖြင့် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များ၌ လှည့်လည်သန့်စင် ဖြန့်ဝေပေးလျက်ရှိပြီး **(အောက်ပုံ)** အဆိုပါ ရေသန့်စက်များသည် တစ်နာရီလျှင် ဂါလန် ၃၀၀ ခန့် သန့်စင်ပေးနိုင်သည်။ ထို့ပြင် ဆိုလာစနစ်သုံး ရေသန့်စက် ၁၇ လုံး ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး မုန်တိုင်းဒဏ်သင့် မြို့နယ်များအတွင်းရှိ ကျေးရွာများသို့ ဆက်လက်ဖြန့်ခွဲပေးပို့သွားမည်ဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မေ ၂၃ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောင်းအပ်နှံလက်ခံမှုများ ဆောင်ရွက်လျက်ရှိရာ **(အောက်ဝဲပုံ)** ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ယနေ့အထိ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းအပ်နှံမှု အခြေအနေမှာ မြို့နယ် ၁၇ မြို့နယ်တွင် စုစုပေါင်း ၃၇၄၉၀၄ ဦး ကျောင်းအပ်နှံခဲ့ပြီးဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများ အားလုံး တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ (၆/၂၀၂၃) အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃၁**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီ၏ (၆/၂၀၂၃) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသော အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြဆောင်ရွက်ကြပြီး တင်ပြလာသော အမှာစာများအပေါ် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ယင်းနောက် ကော်မတီရေးရာကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များက ဆက်လက်တင်ပြခဲ့ရာ ကော်မတီဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟောင်ကောင်(တရုတ်) – စီအယ်လ်အမ်ဗွီ (CLMV)အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပ

**နေပြည်တော် မေ ၃၁**

ASEAN-Hong Kong Free Trade Agreement (AHKFTA) ၏ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဟောင်ကောင်(တရုတ်) နှင့် CLMV အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်ကာလအလွန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမှတစ်ဆင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်၍ ဟောင်ကောင်(တရုတ်)- စီအယ်လ်အမ်ဗွီ (CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် (HKC-CLMV Online Investment Forum) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ Online စနစ်ဖြင့် ကျင်းပသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် ယခုဖိုရမ်ကို မြန်မာနိုင်ငံက ဦးဆောင်ကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာဆီယံနှင့် ဟောင်ကောင် (တရုတ်) တို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင်စွမ်းရှိသည့် ဒေသများဖြစ်သည်နှင့်အညီ အခမ်းအနားမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း မဟာဗျူဟာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားအထောက်အကူပြုစေပြီး CLMV အဖွဲ့ဝင်နိုင်ငံများ ပါဝင်မှုကို မြှင့်တင်နိုင်မည့် နည်းလမ်းများကိုဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ဖိုရမ်တွင် ဟောင်ကောင်(တရုတ်)၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို Video Clip များဖြင့် တင်ဆက်ပြသခဲ့ကြသည်။ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများမှ တာဝန်ရှိသူများကလည်း မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ Power Point Presentation များဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြသည်။




မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများအလိုက် စကားဝိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်းများကို တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှစီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ဟောင်ကောင်(တရုတ်)နှင့် CLMV အဖွဲ့ဝင် နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို စိတ်ဝင်စားစွာဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာသံရုံးများ၏ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ ကုန်သည်စက်မှုအသင်းများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

ယခုဖိုရမ်သည် နိုင်ငံအသီးသီးမှ တက်ရောက်ကြသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးချိတ်ဆက်မှုရရှိခဲ့ကြပြီး CLMV နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်းများအကြားလည်း ချိတ်ဆက်မှုများ တိုးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့ထွက်ခွာ

**ရန်ကုန် မေ ၃၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က ရန်ကုန်မြို့မှ မြန်မာအမျိုးသား လေကြောင်းလိုင်း (စင်းလုံးငှား) လေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**



ပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် ကာကွယ်ရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အတူ ဖိတ်ကြားခံပုဂ္ဂိုလ်လေးဦး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ငွေ၊ ကြေး စီမံခန့်ခွဲရေးဌာန ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့် ဦးဆောင်သော နည်းပြ/ အုပ်ချုပ်သူများ၊ ဒိုင်လူကြီးများနှင့် မသန်စွမ်းအားကစားသမားများ စုစုပေါင်း ၁၂၆ ဦး လိုက်ပါသွားကြသည်။

ကမ္ဘောဒီးယားနိုင်ငံဖနောင်ပင်မြို့၌ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ Goalball (မျက်မမြင်)၊ အလေးမ၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော စသည့် အားကစားနည်း ၇ စ်နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၃ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ





နေပြည်တော် မေ ၃၁

ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၃ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက သင်တန်းတွင် ရုံးလုပ်ငန်းဆိုင်ရာကိစ္စများ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဆိုင်ရာကိစ္စများ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာကိစ္စများ၊ ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် မဟာဗျူဟာစီမံကိန်းများ၊ ဥပဒေအရာရှိကျင့်ဝတ်များ၊ မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများအကြောင်းကို အတွေ့အကြုံရင့်ကျက်သည့် ဆရာ ဆရာမများကိုယ်တိုင် ပြည့်ပြည့်စုံစုံ သင်ကြားပို့ချပေးခဲ့သည့်အပြင် ပြင်ပ ပညာရှင်များ၊ မှုခင်းရဲတပ်ဖွဲ့နှင့် မှုခင်းဆရာဝန်ကြီးတို့ကို ဖိတ်ခေါ်၍ ပို့ချပေးခဲ့ခြင်းတို့ကြောင့် ဥပဒေအရာရှိအဖြစ် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်မည့်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော အသိပညာဗဟုသုတများ ပေးလိုက်နိုင်ပါကြောင်း၊ သရုပ်ပြတရားခွင်ကို အမှုလိုက်အတွေ့အကြုံ များစွာရှိသော ဥပဒေအရာရှိများက သရုပ်ပြလေ့ကျင့်ပေးခဲ့ပါကြောင်း၊ ယခုသင်တန်းက သင်ကြားပို့ချပေးလိုက်သည့် အသိပညာဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံးလိုက်နာဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ကိုကျေပွန်စွာဆောင်ရွက်နိုင်သော ဥပဒေအရာရှိကောင်းများ ဖြစ်လာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သင်တန်းကသင်ကြားပို့ချပေးလိုက်သည့် ပညာများကို အခြေခံကာ မိမိတို့ကိုယ်တိုင် စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ပေးအပ်သည့် တာဝန်ကို တာဝန်ကျရာ ဒေသအသီးသီးတွင် ကျေကျေပွန်ပွန် ထမ်းဆောင်ရင်း ဥပဒေရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သွားမည့် ဥပဒေအရာရှိများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲအခမ်းအနားသို့ တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသစာရင်းစစ်ရုံးများမှ လေဘေးသင့်ဝန်ထမ်းမိသားစုများအတွက် အလှူငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးအလှူငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် မေ ၃၁

မြန်မာ – တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မူဆယ်ခရိုင်) ဥက္ကဋ္ဌ၊ ရွှေစပါးကုမ္ပဏီ Managing Director ဦးခင်ဦး (ခ) ဦးရှင်ဖူးနှင့် ဒေါ်စုလှမိုး မိသားစုက ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသစာရင်းစစ်ရုံးများမှ မိုခါဆိုင်ကလုန်းမုန်တိုင်း လေဘေးသင့် ဝန်ထမ်းမိသားစုများအတွက် အလှူငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နီလာခန်းမ၌ ကျင်းပသည်။

အဆိုပါအလှူငွေပေးအပ်ခြင်း အခမ်းအနားတွင် မြန်မာ – တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မူဆယ်ခရိုင်) ဥက္ကဋ္ဌ၊ ရွှေစပါးကုမ္ပဏီ Managing Director နှင့် မိသားစုက ရခိုင်ပြည်နယ် လေဘေးသင့်ဝန်ထမ်းမိသားစုများအတွက် ပေးအပ်လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၃၀ ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးကလည်းကောင်း၊ (ဝဲပုံ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးအလှူငွေ ကျပ်သိန်း ၂၀ ကို ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးကလည်းကောင်း လက်ခံရယူကြပြီး လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က အလှူငွေပေးအပ်လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဗိုလ်ချုပ်ကြီး လူအေး ကျောက်ဖြူမြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆုံးရှုံးမှုတန်ဖိုးအား နောက်ဆုံးစာရင်းညှိနှိုင်းခြင်း အစည်းအဝေးသို့တက်ရောက်



ကျောက်ဖြူ မေ ၃၁

ဒုတိယဗိုလ်ချုပ်ကြီးလူအေးနှင့် တာဝန်ရှိသူများသည် ခရိုင်/မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဗဟိုစာရင်းအင်းအဖွဲ့များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာများနှင့် တွေ့ဆုံပြီး ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးများအား စာရင်းညှိနှိုင်းခြင်း အပြီးသတ်တွက်ချက်မှုကို ပြန်လည်စိစစ်ဆွေးနွေးကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး လူအေးက တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်အဖွဲ့မှ တင်ပြလာသော ပျက်စီးမှုမှတ်တမ်းဓာတ်ပုံများနှင့် ခန့်မှန်းတန်ဖိုးငွေများကို တိုက်ဆိုင်စိစစ်ပြီး စာရင်းဇယားများ မှန်ကန်မှုရှိစေရေး၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ပျက်စီးဆုံးရှုံးမှုများအား ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာများမှ ဒေသန္တရတန်ဖိုးတွက်ချက်ပေးမှုအပေါ် ဗဟိုစာရင်းအင်းအဖွဲ့မှ နောက်ဆုံးစာရင်းကိုက်ညှိ တိုက်ဆိုင်စစ်ဆေးပြီးဖြစ်သဖြင့် ကျောက်ဖြူမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးစာရင်းနှင့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အချိန်မီတင်ပြသွားရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

# တောင်သာမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



တောင်သာ မေ ၃၁

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မြင်းခြံခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ဦးနှင့် တာဝန်ရှိသူများက မေ ၃၀ ရက်တွင် ကျေးရွာ သုံးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။ (ဝဲပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နံ့သာမြိုင်တောတိုက်ကျေးရွာ မြေသားရေကန် ပေ (၂၀၀x၂၀၀x၄) တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်း၊ အုတ်ရှစ်ပင်(ရွှေကျင်တောတိုက်) စက်ရေတွင်း ပေ ၉၀၀၊ ရေစက်ရုံ (၁၀ပေx၈ပေx၈ပေ)၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် ဆောင်ရွက်ခြင်းလုပ်ငန်း၊ အုတ်ရှစ်ပင်(အင်ကြင်းသာတောတိုက်)ကုန်ထုတ်လမ်း (၂ မိုင်နှင့် ၂ ဒသမ ၇၃ ဖာလုံ) ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းစစ်ဆေးခြင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သည့် ကျေးရွာပေါင်း ၁၀ ရွာ၏ စာရင်းများအား စစ်ဆေးခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

# ပြတိုက်၊ လူငယ်နှင့် နွေကာလလှုပ်ရှားမှုများ

*စစ်တွေ- မေလတ်ဇံ*

**၂၀၂၃ ခုနှစ် နွေကာလသည် ထူးထူးခြားခြား လူငယ်များနှင့် ဆက်စပ်နေသောလဖြစ်ကြောင်း တွေ့ရှိရသည်။ ရှေးဦးစွာ မေလ ၃ ရက်နေ့သည် ကဆုန်လပြည့်(ဗုဒ္ဓနေ့)နှစ်တိုင်းကဲ့သို့ ယင်းနေ့တွင် အစဉ် အလာမပျက် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပခြင်းအပြင် လူငယ်များပါဝင်သော ဗုဒ္ဓနေ့အထူးအစီအစဉ်အဖြစ် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်အား ပူဇော်မည့် ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲနှင့် ဓမ္မပူဇာသဘင်တို့တွင် ပါဝင်ပူဇော်ခွင့်ရရှိခြင်းက လူငယ်များ၏ နှလုံးသားတွင် ဗုဒ္ဓတရားတော်၏ တန်ဖိုးအဆီအနှစ်တို့ ကိန်းဝပ်စေသောအကျိုးကို ရရှိစေခဲ့သည်။**

ကဆုန်လ၏ ပူပြင်းလှသော အပူချိန်ကြောင့် ကျောင်းသား ကျောင်းသူ လူငယ်များ ခံနိုင်ရည်မရှိမည်ကို ပွဲစီစဉ်သူလူကြီးများ တွေးပူခဲ့ကြသော်လည်း လူငယ်သဘာဝ တက်တက်ကြွကြွ လန်းလန်းဆန်းဆန်းဖြင့် ဓမ္မသဘင်ပွဲပြီးဆုံးသည်အထိ တရားနာရာ၌ ပါဝင်ခဲ့ကြသည်ကို တွေ့မြင်ရသည်မှာ ပီတိဝေဖြာမိပေသည်။ လူငယ်များ ဗုဒ္ဓသာသနာတော်နှင့် မစိမ်းတော့လျှင်ပင် အနာဂတ်သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်မည့်သူများ ရှိလာမည်ဟု မျှော်မှန်းဝမ်းသာနိုင်ပေပြီ။

ဒုတိယအနေဖြင့် မေလလူငယ်လှုပ်ရှားမှုများအဖြစ် နွေရာသီကျောင်းပိတ်ရက်အတွင်း မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ အားလပ်ရက်များကို အကျိုးရှိရှိအသုံးချတတ်စေရန်၊ နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သော **ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများ၊** တန်းမြင့်သင်တန်းများသည်လည်း ဧပြီလမှစတင်ကာ မေလအထိ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်သင်တန်းစခန်းများတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းသား ကျောင်းသူ လူငယ်ပေါင်း ၁၄၀၀ ခန့် တက်ရောက်ကြကြောင်း သိရှိရသည်။

**အကျိုးရှိရှိအသုံးချ**

အလားတူ ဌာနဆိုင်ရာအချို့က မိမိတို့ဝန်ထမ်းသားသမီးငယ်များ နွေရာသီအားလပ်ရက်ကို အကျိုးရှိရှိအသုံးချနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးကြသော ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ပန်းချီသင်တန်း၊ ရေကူးသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းတို့ကိုလည်း တွေ့ရသဖြင့် လူငယ်များ အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချနိုင်ကြောင်း ဝမ်းမြောက်ဖွယ်တွေ့ရသည်။

အလားတူ ဘက်စုံထူးချွန်သူ ကျောင်းသား ကျောင်းသူ လူငယ်များသည်လည်း လူရည်ချွန်အဖြစ် ရွေးချယ်ခံရကာ သတ်မှတ်ထားသော အတန်းများအလိုက် တောင်ကြီး၊ ပုဂံ၊ ငွေဆောင် စသည့် **လူရည်ချွန်အပန်းဖြေစခန်းများတွင်** အနားယူအပန်းဖြေရင်း ဒေသန္တရဗဟုသုတများ ရှာမှီးခွင့်ရရှိခြင်း၊ နိုင်ငံတော်အစီအစဉ်ဖြင့် ပို့ဆောင်ပေးသော တန်ဖိုးရှိသည့် လေ့လာရေးခရီးများ သွားရောက်ရခြင်း၊ ယခင်(၁၉၆၄-၁၉၈၈) လူရည်ချွန်ကြီးများ၏ ဘဝအတွေ့အကြုံများကို အတုယူဖွယ်နားထောင်မှတ်သားရခြင်း၊ တန်ခိုးကြီးဘုရားစေတီများ ဖူးမြော်ကြည်ညိုခွင့်ရခြင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ စီမံကိန်းလုပ်ငန်းများကို လေ့လာမှတ်သားခွင့်ရရှိခြင်းတို့အပြင် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံမှ တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးခွင့်ရရှိခြင်းက တန်ဖိုးမဖြတ်နိုင်သော အကျိုးအမြတ်ပင်ဖြစ်ပါသည်။

**အနာဂတ်ပညာရေး**

တစ်ဖန် ကျောင်းသား ကျောင်းသူလူငယ်များ၏ မြန်မာနိုင်ငံ အနာဂတ်ပညာရေး ကောင်းမွန်တိုးတက်စေရေး ဦးတည်ချက်ဖြင့် ကျင်းပသော **မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)** တွင်လည်း ပညာရေးတန်းစဉ် ကူးပြောင်းမှုနည်းပါးရေး၊ ကလေးသူငယ်တိုင်း အခြေခံပညာကို KG+9 ပြီးမြောက်သည်အထိ သင်ယူခွင့်ရရှိရေး၊ အသက်မွေးဝမ်းကျောင်းအခြေခံရရှိရေးအတွက် Grade-10၊ Grade-11၊ Grade-12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များ သင်ကြားရေး၊ လုပ်ငန်းခွင်လက်တွေ့အသုံးချရမည့် ပညာရပ်ကျွမ်းကျင်မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံကျောင်းများတွင် ထိရောက်စွာသင်ကြားပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေး၊ အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း တိုးတက်မြင့်မားမှုကို အထောက်အကူပြုမည့် သင်ကြားသင်ယူမှုဖြစ်စေရေး၊ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များမွေးထုတ်ရေး၊ လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိလာစေရန် မည်သို့ဆောင်ရွက်ရမည်ကို လုပ်ငန်းတာဝန်များတွင် ထည့်သွင်းအဖြေရှာရေး စသည့် နိုင်ငံ့ပညာရေးနှင့် လူငယ်များ အကျိုးရှိစေမည့် ရည်ရွယ်ချက်များချမှတ်ကာ ယင်းရည်ရွယ်ချက်များကို ဆောင်ရွက်အကောင်အထည်ဖော်မည့် နည်းလမ်းများ၊ တွေ့ကြုံရမည့် စိန်ခေါ်မှုများ၊ ယင်းစိန်ခေါ်မှု အခက်အခဲများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ကြရသည့်အပြင် ဝိုင်းဝန်းစုပေါင်းဆွေးနွေးကြခြင်းဖြင့် ရှေ့လုပ်ငန်းစဉ်များပါ ပေါ်ထွက်လာသည်အထိ ဆွေးနွေးအဖြေရှာကြသည်။

ထို့ပြင် ယခင်ကပင်ချမှတ်ပြီး၊ ရှိနှင့်ပြီးဖြစ်သော နှစ် ၃၀ ကာလရှည်စီမံကိန်းအပေါ် အခြေခံ၍ ကာလလတ်စီမံကိန်း၊ ကာလတိုစီမံကိန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်း ဆွေးနွေးကြသည်။ ကျင်းပပြီးစီးခဲ့သည့် မြန်မာနိုင်ငံ ပညာရေးညီလာခံ (၂၀၂၃) တွင် ပညာရေးဝန်ကြီးဌာနနှင့်အတူ အခြေခံပညာကဏ္ဍတွင်ဖြစ်စေ၊ အဆင့်မြင့်ပညာကဏ္ဍတွင်ဖြစ်စေ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာကဏ္ဍတွင်ဖြစ်စေ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတွင်ဖြစ်စေ၊ ကျောင်းများ၊ သိပ္ပံများ၊ တက္ကသိုလ်များ ဖွင့်လှစ်ပို့ချသင်ကြားပေးနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စသည့်ဝန်ကြီးဌာနများပါ ပူးပေါင်းပါဝင်လျက် စာတမ်းများ ဖတ်ကြားကြခြင်း၊ စကားဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးကြခြင်း၊ ပြခန်းများ ခင်းကျင်းပြသခြင်းဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များ၏ အနာဂတ်ပညာရေးခရီး ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုခဲ့ပေသည်။

**ပြတိုက်နှင့် လူငယ်ဆက်စပ်မှု**

ယခု ဤဆောင်းပါးခေါင်းစဉ်တွင် ပါဝင်သော ပြတိုက်နှင့် လူငယ်ဆက်စပ်မှု လာပါတော့မည်။ တစ်ကမ္ဘာလုံးရှိ ပြတိုက်များနှင့် ပြတိုက်မှူးများ၊ ပြတိုက်ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အကြီးဆုံးပြတိုက်အဖွဲ့အစည်းမှာ **အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ ( International Council of Museums - ICOM)** ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းက ကြီးမှူး၍ နှစ်စဉ် မေလ ၁၈ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (International Museum Day- IMD )**ဟု သတ်မှတ်ကာ နှစ်စဉ်ဆောင်ပုဒ် (Theme) တစ်ခု ချမှတ်၍ တစ်ကမ္ဘာလုံးရှိပြတိုက်များကို အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကျင်းပစေကာ ချမှတ်ပေးသော ဆောင်ပုဒ်(Theme) ကို အကောင်အထည်ဖော်သည့် အထူးပြပွဲများ ကျင်းပခြင်း၊ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ ညီလာခံ စသည့်ပြတိုက်ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်အပါအဝင် အများပြည်သူ ပူးပေါင်းပါဝင်စေခြင်းဖြင့် အခမ်းအနားများ ကျင်းပလေ့ရှိသည်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသားပြတိုက် (နေပြည်တော်)တွင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အခမ်းအနားကို မေလ ၁၈ ရက်နေ့တွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း လူငယ်များအတွက် အထူးအရေးပါသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲရက်နှင့် တိုက်ဆိုင်နေသဖြင့် ဇွန်လ ၃ ရက်နေ့သို့ ပြောင်းလဲကျင်းပရန် စီစဉ်လျက်ရှိသည်။ မေလ ၁၈ ရက်၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်မှ အမျိုးသားပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက် (ရန်ကုန်) အပါအဝင် ပြတိုက်များကို အခမဲ့ဖွင့်လှစ်ပြသခဲ့ပြီးဖြစ်သည်။

**ဖိတ်ခေါ်ပြသသွားမည်**

ဇွန်လ ၃ ရက်နေ့ ကျင်းပရာတွင်လည်း ပြတိုက်ဆိုင်ရာစာတမ်း ခြောက်စောင် ဖတ်ကြားမည့်အပြင် ယခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့၏ ဆောင်ပုဒ်ဖြစ်သော **"Museum, Sustainability and well Being" (ကျန်းမာပျော်ရွှင်၊ လူ့ဘောင်တခွင်၊ စဉ်ဆက်မပြတ် တည်တံ့ရေး၊ ပြတိုက်များက စွမ်းဆောင်ပေး)** ဟူသော ဆောင်ပုဒ်နှင့်အညီ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြပွဲ**ကိုပါ ထည့်သွင်းပြသမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ လူငယ်များကိုပါ ကျောင်းအလိုက် လေ့လာရေးလာရောက်ရန် ဖိတ်ခေါ်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အမှန်စင်စစ်ပြတိုက်ဆိုသည်မှာ **Non-formal education** ခေါ် ကျောင်းပြင်ပ ပညာရေးပင်ဖြစ်ရာ ကျောင်းသား ကျောင်းသူများနှင့် ပြတိုက်၊ လူငယ်နှင့် ပြတိုက်တို့သည် နိုင်ငံတကာတွင် ခွဲမရသော အတွဲအစပ်များပင် ဖြစ်ပေသည်။ လူ့ဘောင်တစ်ခွင် ကျန်းမာပျော်ရွှင်စေရန်မှာလည်း သဘာဝလေကောင်းလေသန့် ရှူရှိုက်ရခြင်း၊ စိမ်းလန်းစိုပြည်လျက် သန့်ရှင်းစင်ကြယ်သော ပတ်ဝန်းကျင်တွင် နေထိုင်ရခြင်း စသည့်အချက်များ ပါဝင်လေရာ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြပွဲ**ကို ကြည့်ရှုလေ့လာခွင့်ရရှိခြင်းဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း တစ်ပါတည်း ဆောင်ရွက်ရာရောက်သဖြင့် အလွန်အကျိုးများသော ပြပွဲပင်ဖြစ်ပေမည်။

သို့ဖြစ်၍ နွေကာလ ဧပြီ၊ မေမှသည် ဇွန်လဆန်းပိုင်းအထိ တောက်လျှောက် လူငယ်များနှင့် သက်ဆိုင်သော၊ လူငယ်များအတွက်အကျိုးရှိသော၊ လူငယ်များကိုယ်တိုင် ပါဝင်လှုပ်ရှားခွင့်ရသော ပွဲတော်များ၊ အခမ်းအနားများ၊ ညီလာခံများ၊ စခန်းချပွဲများကို မြင်တွေ့ရခြင်းဖြင့် မြန်မာလူငယ်တို့၏ အနာဂတ်ပညာရေးခရီး ဖြောင့်ဖြူးစွာဖြင့် လျင်လျင်မြန်မြန် ဘက်စုံစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ကာ အနာဂတ်မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သော နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်းလာစေကြောင်း ဆန္ဒပြုလိုက်ရပေသည်။ ။

> ■ **အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကို မေလ ၁၈ ရက်နေ့တွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း လူငယ်များအတွက် အထူးအရေးပါသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲရက်နှင့် တိုက်ဆိုင်နေသဖြင့် ဇွန်လ ၃ ရက်နေ့သို့ ပြောင်းလဲကျင်းပရန် စီစဉ်လျက်ရှိ**
>
> ■ **အမှန်စင်စစ် ပြတိုက်ဆိုသည်မှာ Non-formal education ခေါ် ကျောင်းပြင်ပ ပညာရေးပင်ဖြစ်ရာ ကျောင်းသား ကျောင်းသူများနှင့် ပြတိုက်၊ လူငယ်နှင့် ပြတိုက်တို့သည် နိုင်ငံတကာတွင် ခွဲမရသော အတွဲအစပ်များပင် ဖြစ်ပေသည်**

# ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမား တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်နေ ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်၊ အသက် (၅၈) နှစ် သရုပ်ဆောင်/အဆိုတော်သည် မေ ၃၀ ရက် ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် နေအိမ်တိုက်ခန်းရှေ့အရောက်၌ PDF အမည်ခံအကြမ်းဖက် အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေါ်လီလီနိုင်ကျော်တွင် ယာနားထင်ကျည်ထိမှန် ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့ အမျိုးသမီးတစ်ဦးကို အပြင်းအထန်ဒဏ်ရာရရှိသည်အထိ လူမဆန်စွာ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ UNITED ပရဟိတအသင်း၊ ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်**
**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ဒေါ်လီလီနိုင်ကျော် (တေးသံရှင်) ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေထိုင်သူကို မေလ ၃၀ ရက်နေ့ ည ၇ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NUG၊ CRPH၊ NLD လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ငါနဲ့မတူ ငါ့ရန်သူဟု သတ်မှတ်၍ စစ်ရေးနှင့်မသက်ဆိုင်သော ပြည်သူများကို ပစ်မှတ်ထား၍ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ NUG၊ CRPH တို့မှ အခကြေးငွေပေး၍ လုပ်ကြံစေခိုင်းခြင်းနှင့် လူသားမဆန်သော စစ်ရာဇဝတ်မှု ကျူးလွန်ခြင်း လုပ်ရပ်များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်**
**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့တွင် ကလေးများကို ၃၈ ဖြာမင်္ဂလာ သင်တန်းပို့ချပြီး အပြင်မှ ၎င်းနေထိုင်ရာတိုက်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း သိရှိရသည်။

၂။ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သည့် အရပ်သားပြည်သူလူထုကို လက်နက်ကိုင်ဆောင်၍ ရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ အဆိုတော် ဒေါ်လီလီနိုင်စိုး(ခ)ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည့် ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လွန်စွာ စိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်လုပ်ရပ်များအား လက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးက ၎င်း၏အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော် သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးက ၎င်း၏အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၇ နာရီအချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော် သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၄/၂၀၂၃)

၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့

၁။ ယခု မျက်မှောက်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသော ပြည်လုံးကျွတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပြီး ဒီမိုကရေစီနည်းကျ အနိုင်ရရှိသည့်ပါတီကို နိုင်ငံတော်အာဏာလွှဲပြောင်းပေးရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေချိန်ဖြစ်ပါသည်။

၂။ ထိုသို့ ဆောင်ရွက်နေမှုများကို ဒီမိုကရေစီလိုလားသည့် တည်ငြိမ်အေးချမ်းမှုကို မြတ်နိုးတန်ဖိုးထားသည့် ပြည်သူများကလည်း လိုလိုလားလားထောက်ခံအားပေးကူညီမှုများ ပြုလုပ်နေသည်ကို တွေ့မြင်နေရပါသည်။

၃။ ယင်းအခြေအနေများကို မနှစ်မြို့ဘဲ ဒီမိုကရေစီလမ်းကြောင်းကို မလိုလားသည့် အကြမ်းဖက်အဖွဲ့အစည်းများက ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ကူညီထောက်ခံအားပေးနေသည့် ပြည်သူများအား အကြောင်းမဲ့လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်မှုများ မကြာခဏပြုလုပ်နေမှုများကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါသည်။

၄။ စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်နေသည့် အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံး၀ (လုံး၀) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

◆ *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၁၉:၀၀ နာရီအချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင်နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်(၁၂)ရပ်ကိုချမှတ်ကာ နိုင်ငံတော်နှင့် ပြည်သူ၏အကျိုးကို စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်လျက်ရှိပါသည်။

၂။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထုအလွှာအသီးသီးမှ အသိပညာရှင်များ၊ အတတ်ပညာရှင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြပါမှ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် အကြမ်းဖက်သမားများနှင့် မသမာသူအချို့က နိုင်ငံတော်ကို ဝိုင်းဝန်းကူညီနေကြသော စစ်ရေးနှင့်မသက်ဆိုင်သူများကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံပစ်ခတ်ခံရမှုကြောင့် သေဆုံးမှုနှင့် ပြင်းထန်စွာဒဏ်ရာရရှိမှုများအပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## UNITED ပရဟိတအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှနေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်းမရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ UNITED ပရဟိတအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**UNITED ပရဟိတအသင်း**

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၃၁.၅.၂၀၂၃)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမားတစ်ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်းမရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ **ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ** လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း**

# ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် စိုးရိမ်ရဒဏ်ရာများရရှိ

**နေပြည်တော် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် (၂) ရပ်ကွက်နေ ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော် အသက်(၅၈)နှစ် သရုပ်ဆောင်/အဆိုတော်သည် မေ ၃၀ ရက် ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် နေအိမ်တိုက်ခန်းရှေ့အရောက်၌ လမ်းလျှောက်လာသည့် PDF အမည်ခံအကြမ်းဖက်အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်းနှင့် ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် ဒေါ်လီလီနိုင်ကျော်တွင် ယာနားထင်ကျည်ထိမှန်ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်မှုအပေါ် ထောက်ခံအားပေးခြင်းမရှိသည့် ရဟန်းသံဃာများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီး သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အထက်ပါဖြစ်စဉ်၌ ဒဏ်ရာရရှိခဲ့သူ ဒေါ်လီလီနိုင်ကျော်သည် အေးချမ်းစွာ အနုပညာလုပ်ငန်းများကို လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် အကြောင်းပြချက်ဖြင့် ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့အမျိုးသမီးတစ်ဦးအပေါ် အကြောင်းမဲ့လူမဆန်စွာ သေနတ်ဖြင့် လာရောက်ပစ်ခတ်အကြမ်းဖက်ခဲ့ခြင်းသည် ယုတ်မာရက်စက်သော သူရဲဘောကြောင်သည့် လုပ်ရပ်ပင်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်ခဲ့သူနှင့် စေခိုင်းသူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ

**နေပြည်တော် မေ ၃၁**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ၃၁ ရက်အထိ သတ်မှတ်၍ ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၃ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်းထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ နဝမရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၆၄၇၃၃၅၀ ရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် မေလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

*(မေ ၂၉ ရက်နေ့မှအဆက်)*

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ: ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
|---|---|---|---|---|---|---|---|---|
| ၉ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ညွှန်ကြား ရေးမှူးရုံးဝင်း | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်း၊ဘားအံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | အမှတ် (၂) ဘိလပ်မြေ စက်ရုံ၊ တန် -၄၀၀၀၊ မြိုင်ကလေး၊ ဘားအံမြို့နယ် | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင် | ကောင်းမွန် | | | | |
| | ၄ | ဘားအံမြို့နယ်၊ ဖွဲကပင်တောင်ခြေ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်း၊မြဝတီခရိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | | မွန်ပြည်နယ် | | | | | | |
| | ၁ | ဈေးကြိုဝိုင်းအနီး၊ မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မော်လမြိုင်မြို့၊ ကျောက်တန်းစက်ရုံစုနယ်မြေ | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် | |
| | ၃ | မော်လမြိုင်မြို့၊ စက်မှုဇုန် | ကောင်းမွန် | | | လက်ခံနိုင်သော | | ကောင်းမွန် |
| ၁၁ | | ရခိုင်ပြည်နယ် | | | | | | |
| | ၁ | စစ်တွေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း | ကောင်းမွန် | | | | | |
| | ၂ | စစ်တွေမြို့နယ်၊ ပြည်နယ် ဦးစီးမှူးရုံး၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်း | ကောင်းမွန် | | | | | |
| | ၃ | ကျောက်ဖြူမြို့၊ အစိုးရရပ်ကွက်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ကျောက်ဖြူခရိုင်ရုံးဝင်း | ကောင်းမွန် | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၄ | ပေလဲမြို့၊ ပေလဲလမ်းဆုံ အနီးဝန်းကျင် | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ | |
| | ၅ | သံတွဲမြို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ သံတွဲခရိုင်ရုံးအနီးဝန်းကျင် | ကောင်းမွန် | | | | တိုင်းတာနိုင်ခြင်းမရှိပါ | |
| ၁၂ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန၊ ညွှန်ကြား ရေးမှူးရုံးဝင်း၊ တောင်ကြီးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | | တိုင်းတာနိုင်ခြင်းမရှိပါ | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန၊လက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း၊ တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင် | ကောင်းမွန် | | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း၊ လားရှိုးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | လက်ခံနိုင်သော | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | |
| | ၄ | ကျိုင်းတုံခရိုင်၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ရိုပ်သာအနီး၊ ကျိုင်းတုံမြို့ | လက်ခံနိုင်သော | တိုင်းတာနိုင်ခြင်းမရှိပါ | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# သံလွင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း မျိုးစိုက်ထည့်

**နေပြည်တော်  မေ ၃၁**

ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်အတွက် နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၃၀ရက် နံနက် ၈ နာရီတွင် ဘားအံခရိုင် ဘားအံမြို့နယ် တရုတ်လှကျေးရွာ တရုတ်လှမြစ်ရေတင်စီမံကိန်းနေရာ၌ သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစုံမိုင်း၊ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ စခန်းဝန်ထမ်းများ၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြပြီး နှစ်လက်မ အရွယ်ရှိ ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းအား သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ မေ ၃၀ ရက်တွင် ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အဖွင့်အမှာစကားများ အသီးသီး ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်တို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လှူအေးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆုံးရှုံးမှုတန်ဖိုးအား နောက်ဆုံးစာရင်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီး ကျောက်ဖြူမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးစာရင်းနှင့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အချိန်မီတင်ပြသွားရန်လိုကြောင်း မှာကြားခဲ့သည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန၏ ဂိုဒေါင်၌ ထောက်ပံ့ပစ္စည်းများ ရောက်ရှိ သိုလှောင်ထားရှိမှုအခြေအနေများ၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ပညာရေး အဆောက်အဦများ၊ လူနေအိမ် အဆောက်အဦများ၊ ကျွဲ/ နွား သေဆုံးမှုစာရင်းများ၊ ကယ်ဆယ်ရေးပစ္စည်း ရောက်ရှိဖြန့်ဝေမှု အခြေအနေများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး တွက်ချက်ရေးကော်မတီ (အင်ဂျင်နီယာအဖွဲ့)၏ တွက်ချက်တင်ပြမှုစာရင်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အလားတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ခင်မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မတူပီမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ မြောက်ဦးခရိုင် မြေပုံမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေး အဖွဲ့နှင့် အလှူရှင်များ ထောက်ပံ့သည့် စားရေရိက္ခာပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ ခွဲဝေထောက်ပံ့ပေးမှုနှင့် ဖြန့်ဝေမှုများအား ပြည်သူများလက်ဝယ်သို့ မြန်ဆန်စွာရောက်ရှိရေး ရှင်းလင်းဆွေးနွေးပြီး လေဘေးသင့်ပြည်သူများအတွက် Family Kit ဘူး ၁၅၀ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ပစ္စည်း ၁၄ မျိုးပါ ကော်ပုံး ၂၄ ပုံး၊ ပစ္စည်း နှစ်မျိုးပါ ဆာလာအိတ် ၂၄ အိတ်၊ ၂၀ လီတာ ရေသန့်ဘူး ၂၄ ပုံး၊ ကြိုးခွေ ၁၀ ခွေ၊ 2D ၁၀၄ ဘူး၊ ပေါက်ပြား၊ ပေါက်ချွန်း၊ ချိန်းဇော၊ ရဲဒင်း၊ ဂေါ်ပြား၊ ခါး စသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးပစ္စည်းပုံး သုံးပုံး၊ drip ဘူးပါ ဆာလာအိတ် နှစ်အိတ်၊ ဆေးပေါင်းစုံဖာတစ်ဖာ၊ မိုးကာလိတ် ၂၀၊ ဖျော့ဘူး ၆၀၀၊ ဆန် ၁၉၁ အိတ်၊ ဝေဖာဘီစကွတ် ၁၅ ဖာ၊ သွားတိုက်ဆေး ၈၇ ဖာ၊ ဆီသွတ်ဘူး ခြောက်ဘူး၊ ကြက်ဥ အလုံး ၁၀၀၀၊ မိုးကာစ သုံးထုပ်၊ ဖိနပ် အထုပ်ကြီး သုံးထုပ် စုစုပေါင်း ကုန်တန်ချိန် ၃၄ တန်တို့အား ရေချမ်းပြင် ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရသေ့တောင်ကမ်းထိုးရပ်သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

### ပထမငါးလအတွင်း ဗီယက်နမ်သို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၄ ဒသမ ၆ သန်းကျော်ရှိ

**ဟနွိုင်း မေ ၃၁**

ဇန်နဝါရီမှ မေလအထိ ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၄ ဒသမ ၆ သန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး နိုင်ငံတွင်းသို့ ယခုနှစ် ခရီးသွားဝင်ရောက်မှုခန့်မှန်းချက် ရှစ်သန်း၏ ထက်ဝက်ကျော်ရှိကာ ကပ်ရောဂါအကြိုကာလ ခရီးသွားဝင်ရောက်မှု ၆၃ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း မေ ၃၁ ရက်က ဗီယက်နမ်နယူးစ်၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။

အဆိုပါ ကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ ကုန်းလမ်းမှတစ်ဆင့် ရောက်ရှိလာသူ ၁၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ရေကြောင်းမှတစ်ဆင့် ရောက်ရှိလာသူ ၁ ဒသမ ၁ ရာခိုင်နှုန်းပြီးနောက် လေကြောင်းမှတစ်ဆင့် ရောက်ရှိလာသည့် ရာခိုင်နှုန်းမှာ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု စုစုပေါင်း၏ ၈၈ ရာခိုင်နှုန်းရှိကြောင်း အထွေထွေစာရင်းအင်းရုံး (ဂျီအက်စ်အို)၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

### ကိုလံဘို - အစ္စတန်ဘူလ်ကြား တိုက်ရိုက်လေကြောင်း ပြေးဆွဲရန် သီရိလင်္ကာ စီစဉ်နေ

**ကိုလံဘို မေ ၃၁**

သီရိလင်္ကာနိုင်ငံသည် နိုင်ငံ၏ မြို့တော်ကိုလံဘိုနှင့် တူကီယဲနိုင်ငံ၏ မြို့တော်အစ္စတန်ဘူလ်တို့ကြား တိုက်ရိုက်လေကြောင်း ပျံသန်းပြေးဆွဲမှုစတင်ရန် စီစဉ်နေကြောင်း ဆိပ်ကမ်း၊ သင်္ဘောနှင့် လေကြောင်းဝန်ကြီးဌာနက မေ ၃၀ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဝန်ဆောင်မှုအသစ်သည် ဥရောပခရီးသွားများအတွက် အကျိုးရှိရုံသာမက သီရိလင်္ကာနိုင်ငံသို့ ခရီးသွားလာရေးအတွက်လည်း တွန်းအားပေးရာရောက်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လာမည့်အစီအမံများက သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို သိသိသာသာမြှင့်တင်ပေးပြီး နှစ်နိုင်ငံကြား စီးပွားရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေး ပိုမိုအားကောင်းလာစေမည်ဟု ဝန်ကြီးက ပြောသည်။

**ဆင်ဟွာ**

❍ *ကျောဖုံးမှ*

(ခ) စက်ရုံ၌ အမှာစာကျဆင်းမှုကြောင့် အလုပ်သမား ၄၁၆ ဦး အား ၁၉-၅-၂၀၂၃ ရက်နေ့တွင် အလုပ်မှ ရပ်စဲခဲ့ပါကြောင်း နှင့် အလုပ်မှ ရပ်စဲခံရသည့် အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများ ပါဝင်ခြင်းမရှိဘဲ ထိုင်းအလုပ်သမားများသာ ဖြစ်ပါကြောင်း၊

အထက်ပါစုံစမ်းသိရှိမှုနှင့်စပ်လျဉ်း၍ တိကျမှန်ကန်စေရေးအတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အလုပ် သမားသံအရာရှိရုံးမှ အလုပ်သမားသံအရာရှိသည် ၂၆-၅-၂၀၂၃ ရက်နေ့တွင် အယုဒ္ဓယခရိုင်၊ အလုပ်အကိုင်ဌာန၊ အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အဆိုပါ Pioneer Manufacturing (Thailand) Co., Ltd မှ အမှာစာကျဆင်းမှုကြောင့် အလုပ်ရပ်စဲခဲ့သည့် အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများ မပါဝင်ပါကြောင်းနှင့် စက်ရုံတွင် မြန်မာအလုပ်သမားများ လုပ်ကိုင်နေခြင်း မရှိပါကြောင်း၊ ဂျပန်လူမျိုးအလုပ်သမားခေါင်းဆောင်များနှင့် ထိုင်းအလုပ်သမားများသာ စက်ရုံ၌ လုပ်ကိုင်လျက်ရှိပါကြောင်း၊ အလုပ်ရပ်စဲသည့် ထိုင်းအလုပ်သမားများအတွက် အလုပ်သမားဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ VOA Burmese Facebook လူမှုကွန်ရက်စာမျက်နှာ၌ Pioneer Manufacturing (Thailand) Co., Ltd မှ မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်းနှင့်ပတ်သက်သည့် သတင်းဖော်ပြ ထားမှုသည် မှန်ကန်မှုမရှိပါကြောင်း သတင်းမှန်ထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**



စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၃ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၉ ရက်က အမှတ်(၁) စံပြရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် တက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်း၍ သစ်ပင်စိုက်ပျိုးကြစဉ်။ ရဲလင်းထွန်း(ထီးချိုင့်)



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပွဲကို အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၁၇/၇)ဖာလုံအနောက်ဘက် ကြိုးပြင်ကာကွယ်တောအတွင်း ဖြူးကွန်း(၁)၌ မေ ၃၀ ရက်ကပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက စုစုပေါင်းပျိုးပင်ပေါက် ၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ် (ပြန်/ဆက်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

## ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ မေလ စတုတ္ထပတ်တွင် စပါး/ဆန် ဈေးနှုန်းများတည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ မေလတတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၅၀၀၀၊ မန္တလေးသို့ အိတ်ရေ၃၃၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၉၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၇၅၀၀၊



ရှမ်း(မြောက်)သို့ အိတ်ရေ ၇၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်း အိတ်ရေ ၈၃၅၀၀၊ တန်အားဖြင့် ၄၁၇၅ တန် စီးထွက်ခဲ့ကြောင်း၊ ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၂၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၃၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၁၀၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၈၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၈၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်းအိတ်ရေ ၈၂၅၀၀၊ တန်အားဖြင့် ၄၁၂၅ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၀၀၀၊ တန်အားဖြင့် တန် ၅၀ လျော့နည်းစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၏ မေလစတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘို ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၈၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရောမင်း စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉၅၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှမ်းစပါးများ စတင်ရိတ်သိမ်း

စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘို၊ ရေဦး၊ ကန့်ဘလူနှင့် ကသာခရိုင်များတွင် နွေစပါးသီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်နွေရာသီကာလ၌ နွေစပါးစိုက်ပျိုးရန် ဧက ၃၄၈၀၀၀ လျာထားခဲ့ရာ ၁၉၇၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ်၌ နွေစပါးသီးနှံကို ခရိုင်အလိုက် စိုက်ပျိုးခဲ့ရာ ရွှေဘိုခရိုင်တွင် ၈၁၀၄၈ ဧက၊ ရေဦးခရိုင်တွင် ၃၂၃၃၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၂၃၄၀၉ ဧက၊ ကသာခရိုင်တွင် ၂၂၄၄၆ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၁၃၄၃ ဧက၊ စစ်ကိုင်းခရိုင်တွင် ၈၆၉၈ ဧက၊ မော်လိုက်ခရိုင်တွင် ၇၈၂၃ ဧက၊ ကောလင်းခရိုင်တွင် ဧက ၄၂၄၀၊ ကလေးခရိုင်တွင် ၃၈၅၇ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၀၇၁ ဧက၊ မိုးရွာခရိုင်တွင် ၆၉၂ ဧက၊ ခန္တီးခရိုင်တွင် ၃၅ ဧကနှင့် တမူးခရိုင်တွင် သုံးဧက စုစုပေါင်း စိုက်ဧက ၁၉၇၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင် ကသာခရိုင်တွင် ၁၃၉၈၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၇၈၄၈ ဧကနှင့် ရွှေဘိုခရိုင်တွင် ၆၃ ဧက၊ စုစုပေါင်း ၂၁၈၉၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် မေလ ၁၅ ရက်နေ့အထိ စာရင်းများအရ သိရသည်။

**DOCA (စစ်ကိုင်း)**



## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေး စခန်းအနေဖြင့် အများဆုံးပို့ကုန်ပစ္စည်းများမှာ ပြောင်း၊ ကြက်သွန်ဖြူ၊ ကြေးနီ၊ ကတ္တူစက္ကူ၊ ရော်ဘာ၊ ဆီးသီးစေ့၊ သစ်ခေါက်ဖြစ်ပြီး ယင်းပစ္စည်းများအနက် ပြောင်းနှင့် ပုစွန်ဖွဲများ ပိုမိုတင်ပို့လျက်ရှိသည်။ ပြောင်းသီးနှံအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ သယ်ယူတင်ပို့လျက်ရှိရာ ယခုသီတင်းပတ်တွင် ပြောင်းဈေးမှာ တစ်တန်လျှင် ငွေကျပ် ၉၇၃၂၅၀ ဖြင့် တန်ချိန် ၇၀၀၀ ဒသမ ၀၄၂ တန်နှင့် ကြက်သွန်ဖြူ တစ်တန်လျှင် ဈေးနှုန်းမှာ ငွေကျပ် ၄၂၅၀၀၀၀ ဖြင့် တန်ချိန် ၉၉ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်ပစ္စည်းများမှာ စက်သုံးဆီ၊ ဘိလပ်မြေ၊ အုတ်၊ သံနှင့် သံမဏိ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ကာဗွန်ပုံဆောင်ခဲ၊ ကွန်ကရစ်အမိုး၊ ကြွေပြား၊ ကွန်ကရစ်အပြား၊ သွပ်ပြားတို့ဖြစ်ပြီး ယင်းပစ္စည်းများအနက် စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်သွင်းလျက်ရှိသည်။ဘိလပ်မြေကို ယခုသီတင်းပတ်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၂၂၀၀၀၀ ဖြင့် ၅၈၇၃ တန်ချိန် တင်သွင်းခဲ့သည်။ ငွေလဲနှုန်းအနေဖြင့် ငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၁၇၀ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

## ၃၁.၅.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ | ၃၀၃၅၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၁၂၀၀၀ | ၃၀၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ | ၃၀၃၀၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၃၀၀ | ၆၀၀ | ၈၀၀၀ | ၅၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၃၀၃၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၈၈၀၀ | ၃၄၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၃၀၄၅၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၂၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၀၀၀ | ၂၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၃၀၆၂၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၃၀၃၀၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၁၆၈၀၀ | ၈၈၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၅၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၇၀၀ | ၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | | ၃၀၅၅၀၀၀ |
| ၉ | မြိတ် | ၂၈၅၀ | | ၁၇၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၆၄၀၀ | ၇၃၀၀ | ၄၃၀၀ | ၆၂၀၀ | ၇၅၀ | ၇၈၀၀ | ၅၇၀၀ | ၄၄၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၃၀၃၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ | ၂၉၀၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၄၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၆၅၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၂၉၅၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၃၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၃၀၅၀၀၀၀ |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၃၀၂၀၀၀၀ |
| ၁၄ | မိုးရွာ | ၃၈၀၀ | | ၁၂၅၀၀ | ၆၄၅၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀ | ၇၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၉၅၀၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၁၇၅၀ | ၁၃၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၁၉၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၁၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၂၈၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၈၀၀ | ၅၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ | ၃၀၅၅၀၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၃၀၄၀၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၃၀၁၀၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၇၅၀၀ | | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၄၀၀ | ၃၅၀၀ | ၂၂၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၃၀၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၈၀၀ | ၅၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၃၀၄၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၁၄၅၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၄၀၀ | ၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၃၀၄၅၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၃၂၀၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ကျပ် ၂၀၀၊ စစ်တွေတွင် ကျပ် ၅၀၊ ငစိန်ဆန် တစ်ပြည်လျှင် ရန်ကုန်နှင့် စစ်တွေတွင် ကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လှိုင်ကော်နှင့် ဟားခါးတွင် ကျပ်၂၀၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပုသိမ်တွင် ကျပ် ၃၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပြည်တွင် ကျပ် ၃၀၀၊ ချင်း တစ်ပိဿာလျှင် မော်လမြိုင်နှင့် ပုသိမ်တွင် ကျပ် ၁၀၀၀၊ ထားဝယ်တွင် ကျပ် ၂၀၀၀ ၊ ရန်ကုန်တွင် ကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ရန်ကုန်တွင် ကျပ် ၁၀၀၀၊ ပခုက္ကူတွင် ကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် လားရှိုးတွင် ကျပ် ၅၀၀၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ကျပ် ၁၀၀၊ ကြက်သား တစ်ပိဿာလျှင် ပြည်တွင် ကျပ် ၂၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ကျပ် ၁၀၀၀၊ အမဲသား တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၃၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်နှင့် မန္တလေးတွင် ကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၁၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တစ်ဦးချင်းပညာအခြေခံမှသည် ပညာအခြေခံလူ့အဖွဲ့အစည်းသို့

**မိမိဘဝရဲ့ တန်ဖိုးတစ်ခုဟာ ပညာစွမ်းအားအပေါ်မှာသာ မှီတည်ပါတယ်။ တည်ငြိမ်တဲ့ လမ်းကြောင်းတစ်ခုမှာ လျှောက်ချင်ရင် အခြားအရာတွေထက် ပညာကိုသာ ဦးစားပေးရှာဖွေရပါမယ်။ ပညာကသာ ကောင်းတဲ့အလုပ်ကို ရွေးချယ်နိုင်ပြီး အကောင်းဆုံးအကျိုးပြုနိုင်မှာဖြစ်တဲ့အတွက် ကောင်းတဲ့ဂုဏ်သတင်းနဲ့အတူ ဘဝ ရှင်သန်ရပ်တည်မှု အခက်အခဲမရှိအောင် လမ်းပြသည်က ပညာသာလျှင်ဖြစ်ပါတယ်။**

ဒေါက်တာမြတ်မိုး



- ❖ ယနေ့အချိန်မှာ ကြိုတင်ပြင်ဆင်မှုအားကောင်းသူတွေသာလျှင် အနာဂတ်ကို ပိုင်ဆိုင်ကြပါလိမ့်မယ်။ မိမိကိုယ်မိမိ ပြောင်းလဲနိုင်တာ၊ မိသားစုလူ့အဖွဲ့အစည်းကို၊ နောက်ဆုံး ကိုယ့်နိုင်ငံ ကိုယ့်ကမ္ဘာကြီးကိုတောင် ပြောင်းလဲပေးနိုင်တာက ပညာတည်းဟူသော လက်နက်စွမ်းပကားသာလျှင်ဖြစ်
- ❖ အတတ်ပညာအပြင် အသိပညာကိုပါ မှန်မှန်ကန်ကန်နဲ့ စနစ်တကျ ဖြည့်ဆည်းပေးနိုင်မှသာ စဉ်းစားဉာဏ်ရင့်သန်ပြီး ထက်မြက်တဲ့အတွေးအခေါ်နဲ့အတူ ဆင်ခြင်တုံတရားရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်များစွာ ထွက်ပေါ်လာနိုင်မှာဖြစ်

ပတ်ဝန်းကျင်ရှုထောင့်စုံက ဘယ်အာရုံလာလာ၊ ကမ္ဘာကြီးရဲ့ ဘယ်နေရာက ဘယ်လိုအရာတွေ ရိုက်ခတ်သည်ဖြစ်စေ အကြောင်းအကျိုး၊ အဆိုးအကောင်း ခွဲခြားစိတ်ဖြာဝေဖန်နိုင်မှုကို ပေးနိုင်စွမ်းတာလည်း ပညာပါပဲ။ အနာဂတ်ခရီးလမ်းကို ချောမွေ့စေမယ့် ပတ်စ်ပို့တစ်ခုအဖြစ် ပညာကို တင်စားနိုင်သလို ယနေ့အချိန်မှာ ကြိုတင်ပြင်ဆင်မှု အားကောင်းသူတွေသာလျှင် အနာဂတ်ကို ပိုင်ဆိုင်ကြပါလိမ့်မယ်။ မိမိကိုယ်မိမိ ပြောင်းလဲနိုင်တာ၊ မိသားစုလူ့အဖွဲ့အစည်းကို၊ နောက်ဆုံးကိုယ့်နိုင်ငံကိုယ့်ကမ္ဘာကြီးကိုတောင် ပြောင်းလဲပေးနိုင်တာက ပညာတည်းဟူသော လက်နက်စွမ်းပကားသာလျှင် ဖြစ်ပါတယ်။

ဒီလို ပညာရဲ့စွမ်းအားတွေကြောင့် လောကကြီးဟာ တရားမျှတမှုနဲ့အတူ အလှတရားတွေရှိလာပါတယ်။ မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်မှုကြောင့် အမှားလည်းကင်းလာသလို အမှိုက်ကင်းကင်းနဲ့ ရပ်တည်ချက်ကြောင့်လည်း စိတ်ကူးအိပ်မက်တွေဟာ တကယ်ဖြစ်လာပါလိမ့်မယ်။ လူ့အဖွဲ့အစည်းတစ်ခုအတွင်း ငြိမ်းချမ်းသာယာမှု ကင်းမဲ့ခြင်းရဲ့ အကြောင်းရင်းတစ်ခုဟာ ကောင်းတာနဲ့ မကောင်းတာကို ကွဲကွဲပြားပြားခွဲခြားတတ်သူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ ပဋိပက္ခကို မှန်မှန်ကန်ကန်သုံးသပ်ဖြေရှင်းနိုင်စွမ်းသူတွေ နည်းပါးလာတာကြောင့်လို့ဆိုပါတယ်။ အဲဒီသုံးသပ်ချက်ပဲ ပညာရေးနဲ့ ငြိမ်းချမ်းခြင်းရဲ့ ဆက်စပ်မှုသဘောတရားကို ပြသနေတာလို့ ယူဆရမှာဖြစ်ပါတယ်။

## ပညာအခြေခံလူ့စွမ်းအား အရင်းအမြစ်ဖြင့်သာ

မြင်ကွင်းကျယ်ကျယ်နဲ့ လှပတဲ့ အနာဂတ်တစ်ခုကို ပုံဖော်လိုရင် ပညာအခြေခံတဲ့ လူ့စွမ်းအားအရင်းအမြစ်တစ်ခုကို မလွဲမသွေတည်ဆောက်ရပါလိမ့်မယ်။ ပညာအခြေခံအုတ်မြစ်မခိုင်မာတဲ့နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ရပ်ဟာ ဘယ်လိုမှဖွံ့ဖြိုးတိုးတက်လာစရာအကြောင်းမရှိပါဘူး။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအရှိတရားကိုပဲ လေ့လာကြည့်ပါ။ အားကိုးထိုက်တဲ့ အသိအတတ်ပညာရှင်များစွာလိုအပ်နေတဲ့ အခြေအနေတစ်ရပ်ကို တွေ့မြင်နေရပါတယ်။ အခုကာလဟာ ဘာသာတရားကို အခြေခံပြီး နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေကို ခက်ခက်ခဲခဲပြန်လည်ပြုပြင် တည်ဆောက်ရမယ့် အနေအထားတစ်ရပ်မှာ ရောက်ရှိနေပါတယ်။

အပြန်အလှန် လေးစားတတ်မှု၊ နားလည်ပေးနိုင်မှု၊ ကြင်နာသနားတတ်မှု၊ နာခံတတ်မှု၊ စိတ်ထားတတ်မှု၊ အကောင်းမြင်မှု စတဲ့လိုအပ်ချက်တွေအတွက် မှန်ကန်တဲ့အသိအမြင်တွေ ပေးဖို့၊ ရယူဖို့ များစွာလိုအပ်နေပါတယ်။ အသိအလိမ္မာ အားနည်းမှုနဲ့အတူ အကောင်းအဆိုး၊ အကြောင်းအကျိုး ဆန်းစစ်ဝေဖန်နိုင်စွမ်း မရှိခြင်းရဲ့ သက်ရောက်မှုတွေကို အားလုံးခံစားနေကြရပါတယ်။ ယနေ့ကြမ်းတမ်းခက်ထန်မှုတွေ၊ ပူလောင်မှုဒဏ်ရာဒဏ်ချက်တွေဟာ ပညာမပြည့်ဝခြင်းရဲ့ ဆိုးကျိုးတွေပါပဲ။

အတတ်ပညာအပြင် အသိပညာကိုပါ မှန်မှန်ကန်ကန်နဲ့ စနစ်တကျ ဖြည့်ဆည်းပေးနိုင်မှသာ စဉ်းစားဉာဏ်ရင့်သန်ပြီး ထက်မြက်တဲ့အတွေးအခေါ်နဲ့အတူ ဆင်ခြင်တုံတရားရှိတဲ့ လူ့စွမ်းအား အရင်းအမြစ်များစွာ ထွက်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ အခမဲ့ ပညာသင်ကြားနိုင်ခွင့်ကို အပြည့်အဝ လက်လှမ်းမီစေမယ့် ပညာသင်ကြားခွင့်ဆိုတဲ့အခွင့်အလမ်းကောင်းကို အားလုံးရရှိအောင် ပေးဆောင်နိုင်ခြင်းရှိရပါမယ်။ အခုမျိုးဆက်အတွက်သာမက နောင်မျိုးဆက်တွေအထိပါ လှမ်းမျှော်ကြည့်ပြီး သင်ယူသူဘက်ကနေ သင်ယူလိုစိတ်တွေဖြစ်နေအောင် မပြတ်နှိုးဆွပေးနိုင်စွမ်းရှိနေရပါမယ်။

## မိဘ၊ ဆရာသည်သာ ရှေ့ဆောင်လမ်းပြ စံပြပုဂ္ဂိုလ်အရာ

ပညာရေးဝန်းကျင်ကောင်းတစ်ခုကို မိဘ၊ ဆရာ၊ ကျောင်းသားဆိုပြီး ဒေါက်တိုင်သုံးခုနဲ့ တည်ဆောက်ယူရပါတယ်။ ဒီအချိန်မှာ အဓိကဖန်တီးရှင်ဖြစ်တဲ့ ပျိုးထောင်သူ မိဘရဲ့စေတနာနဲ့ အမြော်အမြင်ဟာ အထူးပဲအရေးကြီးသလို စံနမူနာပြအဖြစ် ပုံသွင်းပေးမယ့် လေးစားထိုက်တဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းရည်နဲ့ အတွေ့အကြုံတွေဟာလည်း အလွန်အရေးပါလှပါတယ်။ အရေးကြီးတာက ပညာတန်ဖိုးကြီးမားပုံနဲ့ ပတ်သက်ပြီး မိဘဆရာတွေရဲ့ အတွေးအခေါ်နဲ့စဉ်းစားပုံပါ။ ဒီကတစ်ဆင့် သူတို့ရဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာနဲ့ ဉာဏ်ပညာကို ပြဋ္ဌာန်းပါတယ်။

စာသိသိရာမှတစ်ဆင့် ပညာသိသိဖို့မှာ ကလေးတွေကို မှန်မှန်ကန်ကန်ဆုံးမပဲ့ပြင်တတ်တဲ့ မိဘနဲ့ ဆရာ ဆရာမတွေကသာ အနီးကပ်စံပြပုဂ္ဂိုလ်တွေဖြစ်သင့်ပါတယ်။ မိမိတို့ရဲ့ သားသမီးလေးတွေ ဂါရဝတရားထားတတ်အောင်၊ ကျေးဇူးအထူးသိတတ်သူတွေ ဖြစ်အောင် မင်္ဂလာတရားနဲ့အညီ နေတတ်ထိုင်တတ်အောင် လမ်းညွှန်ပြသနိုင်သူတွေဟာ မိဘ၊ ဆရာတွေပဲ ဖြစ်ပါတယ်။ ပညာကို ပြင်းပြင်းပြပြသင်ယူလိုစိတ်နဲ့ ကြိုးစားသင်ယူနေအောင်၊ စွယ်စုံသုတကြွယ်ဝလာအောင်၊ တတ်မြောက်ထားတဲ့ ပညာရပ်ကို လက်တွေ့အသုံးချခွင့်ရအောင် ရှေ့ဆောင်လမ်းပြဟာ မိဘ ဆရာတွေပါပဲ။

ပြောရမယ်ဆိုရင် မိဘတွေရော ဆရာ ဆရာမတွေပါ မိမိတို့ရင်သွေးတွေ၊ ကျောင်းသားတွေရဲ့ ချစ်ခင်လေးစားအားကျရတဲ့ ပုဂ္ဂိုလ်မြတ်တွေ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအရာမှာ စံပြုရတဲ့ သူရဲကောင်းတွေဖြစ်အောင် ခံယူချက်ကောင်းကောင်းနဲ့ ပြုစုပျိုးထောင်ပေးရပါမယ်လို့ ဆိုချင်တာဖြစ်ပါတယ်။

## ပညာသဘောတရား အားနည်းခြင်းနှင့်အတူ

တာဝန်ရှိတဲ့မိဘတွေက သားသမီးတွေကို စာသင်ခန်းနဲ့ နီးသထက်နီးအောင် ကျောင်းရှိရာအရပ်ဆီ ပို့ပေးနေသလို ဆရာ ဆရာမတွေအပါအဝင် တာဝန်ရှိသူအားလုံးကလည်း လိုအပ်တာမှန်သမျှ တတ်နိုင်တဲ့ဘက်က ပညာရေးခရီးဖြောင့်ဖြူးရေးမှာ ပါဝင်ဖြည့်ဆည်းနေကြတာကို တွေ့မြင်နေရပါတယ်။ ပညာသင်ခွင့်မရတာဟာ ကလေးအတွက်ရော၊ မိဘတွေအတွက်ရော နိုင်ငံအတွက်ပါ အထူးနစ်နာလှတဲ့အပြင် ပညာမဲ့များတဲ့လူ့အဖွဲ့အစည်းနဲ့ တတ်ထားတဲ့ပညာကို အသုံးမချတတ်တဲ့ဝန်းကျင်မှာ အမှားဟူသမျှ တွေ့မြဲတွေ့နေရတဲ့အတွက် ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားနဲ့ယှဉ်တဲ့ ပညာသဘောတရားအားနည်းလာတဲ့အခါ စောင့်ထိန်းရမယ့်သိက္ခာတရားက လျော့ပါးလာတတ်ပါတယ်။

ဗဟုသုတမပြည့်တော့ သူများစည်းရုံးတာ အလွယ်တကူခံရ၊ ဆင်ခြင်တုံတရားနည်းတော့ ဆောင်ရန်ရှောင်ရန်မသိ၊ အစွန်းနှစ်ပါးက လွတ်အောင်မရှောင်နိုင်၊ အမှားအမှန်မသိတော့ မျှမျှတတဖြစ်အောင် ဆောင်ကြဉ်းနိုင်စွမ်းလည်းမရှိ၊ အေးချမ်းသာယာမှုကင်းပြီး အပျက်သဘောချည်းသာ တွေ့နေရတတ်ပါတယ်။ ကမ္ဘာ့အလယ်မှာ နောက်ကျမကျန်ရစ်ဖို့နဲ့ ဒီအချက်တွေကို ပြန်ပြီးတည်ဆောက်ဖို့ဆိုရင် ပညာရှင်တွေ များစွာလိုအပ်တယ်ဆိုတဲ့ ထောက်ပြချက်တွေကို လျစ်လျူမရှုမိဖို့ လိုအပ်ပါတယ်။

## စာသိသိမှ ဗဟုသုတအတွေ့အကြုံကို အခြေခံသော ပညာသိသို့

ဒီနေရာမှာ ပညာဆိုတဲ့စကားလုံးကို တောက်လျှောက်သုံးလာခဲ့တဲ့ အဓိကအချက်က စာသင်ခန်းက သင်ယူရခဲ့တဲ့ အတန်းပညာနဲ့တကွ စာသိသိတာထက် ပိုသာတဲ့ စူးစမ်းလေ့လာထိုးထွင်းသိမြင်တဲ့ပညာသိကို ဆိုလိုရင်းဖြစ်ပါတယ်။ နှစ်စဉ်စာမေးပွဲအောင်ရုံနဲ့ မပြီးစေဘဲ အခြေခံပညာကရခဲ့တဲ့ပညာကို အခြေခံပြီး ဗဟုသုတတိုးပွားအောင် အစဉ်ဖတ်မှတ်လေ့လာနေဖို့ လိုပါသေးတယ်။ အခြေခံပညာအပေါ်မှာ ဗဟုသုတတိုးသထက် တိုးအောင်လုပ်၊ လုပ်ငန်းခွင်ရောက်ရင် လက်တွေ့အတွေ့အကြုံနဲ့ ထပ်ဆင့်ပေါင်းပြီး စာတွေ့ကို တကယ့်လက်တွေ့နဲ့ ပေါင်းစပ်အသုံးချတတ်မှသာ အသိအတတ်ပညာရှင်အဆင့်ကို ရောက်မှာပါ။ စာသိသိတာထက် အတွေ့အကြုံက သင်ယူရရှိတဲ့ ပညာသိက ပိုပြီးအားကောင်းပါတယ်။

စာသိ + သုတ + အတွေ့အကြုံ ပေါင်းစပ်မှုဟာ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဖြစ်ရပ်တစ်ခုအပေါ် ယုတ္တိရှိ/ မရှိ ချင့်ချိန်နိုင်စွမ်း၊ ဆက်စပ်စဉ်းစားပြီး ဖြန့်ကြက်အတွေးအခေါ်နဲ့အတူ ခြုံငုံသုံးသပ်နိုင်စွမ်း၊ အကြောင်းအကျိုး၊ အဆိုးအပြစ်ကို မြော်တွေးနိုင်ပြီး မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်စွမ်း စတဲ့ များစွာသော အရည်အချင်းတွေကို ပေးစွမ်းပါတယ်။ ဒါ့အပြင် ဒီလိုစွမ်းရည်မျိုးတွေဟာ မိမိကိုယ်မိမိ ယုံကြည်ချက်ကိုပါ တိုးပွားစေတဲ့အတွက် အလုပ်လုပ်တဲ့အခါမှာ တာဝန်ယူတာဝန်ခံမှုရှိလာစေတဲ့အပြင် ပေးအပ်တဲ့တာဝန်ကိုလည်း ကျေကျေပွန်ပွန်နဲ့ ပြီးမြောက်အောင် ထမ်းဆောင်နိုင်တာမျိုး ဖြစ်စေပါတယ်။ ယနေ့ ၂၁ ရာစုခေတ်မှာ တောင်းဆိုနေတဲ့ အရည်အသွေးတွေပဲ ဖြစ်တဲ့အတွက် နိုင်ငံမှာ အရေးတကြီးဖြည့်ဆည်းပေးရမယ့်အရာတွေလည်း ဖြစ်နေပါတယ်။ ရေတိုထက် ရေရှည်အကျိုး၊ တစ်ဦးချင်းအကျိုးစီးပွားထက် အများရဲ့အကျိုးစီးပွားကို *စာမျက်နှာ ၁၇ သို့*

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချ

**နေပြည်တော် မေ ၃၁**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)တို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ) **သတင်းစဉ်**



## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၃၁**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ စံပြစာကြည့်တိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လမ်းဘေး ဘယ်/ညာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ စိုက်ပျိုးရေးသိပ္ပံ၌ ကျောင်းသားကျောင်းသူများအား သောက်သုံးရေ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောမြို့နယ် ပတင်းကျေးရွာ၊ ကညင်တန်းကျေးရွာ၊ ဒုညောင်ပင်ကြီးကျေးရွာနှင့် ရသေ့တောင်မြို့နယ် ဆင်ပိုက်ကျေးရွာတို့ရှိ လေဘေးသင့်ပြည်သူများကို သောက်သုံးရေများ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ စေတီယျရပ်ကွက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြောက်ဦးမြို့ရှိ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပြီး မြို့တွင်းရှိ ခရီးသွားပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းနှင့် လမ်းဘေး ဘယ်/ညာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ဖြည့်ဆည်းပေးနိုင်မယ့် လိုအပ်ချက်တွေပါပဲ။

### ပညာသင်ခွင့်မှသည် တတ်သိပညာရှင်အဖြစ်သို့

နိုင်ငံအားလုံးက ပညာအုတ်မြစ်အခြေခံနဲ့ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေကြရပါတယ်။ တိုးတက်တဲ့နိုင်ငံအားလုံးမှာ ပညာရေးရေချိန်ပိုပြီးမြင့်မားတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ပညာရေးအားနည်းမှုနဲ့အတူ ဆင်းရဲမွဲတေမှု၊ ရောဂါဘယထူပြောမှု၊ အကြမ်းဖက်၊ ပြည်တွင်းစစ်၊ မငြိမ်းချမ်းမတည်ငြိမ်မှု စတာတွေဟာ အနည်းနဲ့အများ ဆက်စပ်နေတတ်ပါတယ်။ ပြည်တွင်းစစ် မည်မည်ရရမရှိတဲ့နိုင်ငံအချို့မှာတောင် ပညာကောင်းကောင်းသင်ခွင့်မရတဲ့အခြေအနေတချို့ ကြားဖူးပါလိမ့်မယ်၊ ပညာတန်ဖိုး နားမလည်လို့ရယ်၊ အစွန်းရောက်အဖွဲ့အစည်းတွေရဲ့ ပယောဂကြောင့်ရယ်လို့ ယူဆမိမှာပါ။ မိမိတို့နိုင်ငံမှာတော့ ငြိမ်းချမ်းရေးအနေအထား၊ စီးပွားရေး၊ ကျန်းမာရေး အခြေအနေတွေကြားထဲက ပညာသင်ကြားခွင့်ရှိသူတိုင်း ပညာသင်ကြားခွင့်ရရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူတွေက ကြိုးစားလှုံ့ဆော်နေတာတွေ့ရပါတယ်။

ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ပြီး ပညာရည်မြင့်မားအောင် အားထည့် ဆောင်ရွက်နေကြပါတယ်။ ပညာရဲ့တန်ဖိုးကို အလေးအနက်ထားလေတော့ ပညာသင်ခွင့်ရအောင်၊ ပညာသင်ရုံနဲ့မပြီး ပညာတတ်ဘွဲ့ရတွေများလာအောင်၊ ပညာတတ်ရုံနဲ့မပြီး ပညာရှင်တွေများလာအောင် ကြိုးစားတည်ဆောက်နေရပါတယ်။ ပညာရှင်အဆင့်ကိုတော့ မိမိကျွမ်းကျင်တဲ့ဘာသာရပ်ကို လက်တွေ့နယ်ပယ်မှာ အခြေအနေအချိန်အခါအလိုက် အသုံးချနိုင်စွမ်းရှိသူ၊ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ တာဝန်ယူတာဝန်ခံမှုရှိသူ၊ အခြားသူတွေအတွက် များများစဉ်းစားပေးပြီး မျှဝေပညာပေးနိုင်သူကိုသာ သတ်မှတ်ပါတယ်။ တိုင်းပြည်မှာ ဒီလိုလူမျိုးတွေများလာအောင်တော့ ကြိုးစားယူရဦးမယ်လို့ ယူဆမိပါတယ်။

### ပညာရေးကို မိမိဘဝနှင့် ထပ်တူခံစားနားလည်ပေးပါ

ယနေ့ ကျောင်းသားလူငယ်တွေ အနေနဲ့လည်း စာသင်ခန်းကရခဲ့တဲ့ ပညာနဲ့တင် တင်းတိမ်ရောင့်ရဲနေရုံနဲ့ မပြီးစေဘဲ စဉ်ဆက်မပြတ်လေ့လာအားထုတ်ရမယ့် အရာများစွာရှိနေသေးတယ်လို့ အလေးအနက်ခံယူထားသင့်ပါတယ်။ အဓိပ္ပာယ်ရှိပြီး အောင်မြင်တဲ့ဘဝတစ်ခုမှာ ရပ်တည်နိုင်ဖို့ အချိန်မဖြုန်းသင့်ပါဘူး။ မိမိဘဝရည်မှန်းချက်အတွက် ပညာကို အခြေခံကြပေမယ့် ပညာရေးကို ကိုယ့်ဘဝကြီးနဲ့ထပ်တူထပ်မျှ ခံစားနားလည်ထားရပါမယ်။ ဒါကြောင့်လည်း ယနေ့ပဋိပက္ခတွေကြားထဲက ခက်ခက်ခဲခဲဖန်တီးပေးထားတဲ့ ပညာရေးဝန်းကျင်မှာ ပါဝင်သင်ယူကြဖို့အရေး ဝေဝေဝါးဝါးဖြစ်မနေသင့်ဘဲ နှောင့်နှေးတုံ့ဆိုင်းနေဖို့လည်း အကြောင်းမရှိကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။

အမှောင်မှာ ပိတ်မနေသင့်တော့ဘဲ ဆက်ပြီး အလင်းပျောက်နေကြဦးမယ်ဆိုရင် နိုင်ငံနဲ့အများအတွက် အကျိုးပြုဖို့နေနေသာသာ နောင်မှာ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ဖို့တောင် အနိုင်နိုင်ဖြစ်မှာ သေချာပါတယ်။ ပညာမဲ့ရင် အသိလည်းမဲ့၊ အသိမဲ့တဲ့သူဟာ ဖောက်ဖောက်ပြန်ပြန်၊ မှားမှားယွင်းယွင်းနဲ့သာသိနိုင်တဲ့ အဆိုးဆုံးအဆင့်အထိ ရောက်ရှိသွားဖို့လည်း မခဲယဉ်းတော့ပါဘူး။ ဒီလိုရောက်ရှိသွားခဲ့တဲ့သာဓကတွေ မိမိတို့ပတ်ဝန်းကျင်မှာ အများကြီးတွေ့ခဲ့ရပြီးပါပြီ။

နောက်ဆုံး ဆိုချင်တာတစ်ခုက ကိုယ့်ကြောင့်လည်း မညှို့သွားကြပါစေနဲ့... ဟူ၍သာ...။ ကိုယ့်ရဲ့အသိမှားမှုကြောင့် အညံ့တွေ များလာရင် နောက်ဆုံးကိုယ့်ကိုပါ ပြန်ပတ်လာမယ်ဆိုတဲ့ အသိတစ်ခုဝင်လာရင်ကို အတော်ဟုတ်နေပါပြီ။ အနာဂတ်နိုင်ငံတော်နဲ့ ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အခင်းအကျင်းမှာ ရင်ပေါင်တန်းဝင်ဆံ့မယ့် သင်သိမှတတ်သိ၊ တတ်သိမှပညာသိများ ဖြစ်လာဖို့ များစွာလျှောက်လှမ်းရဦးမှာ ဖြစ်ပါတယ်။

ကျောင်းတွေစောစောဖွင့်မှ ရန်တွေ မြန်မြန်ငြိမ်းမှာဖြစ်ပါတယ်။ အသိတွေ တိုးလာမှ အညံ့တွေဆုတ်ယုတ်မှာ ဖြစ်ပါတယ်။ အသိမှန်မှ ရှုမြင်ပုံလည်း မှန်ပြီး အပြောမှန် အလုပ်မှန်မှာဖြစ်လို့ပါပဲ။ ပညာရေးအတွက် အရင်းအမြစ်ဟာ ခါးသီးလှပေမယ့် ထွက်ပေါ်လာမယ့် အသီးအပွင့်ကတော့ ချိုမြိန်တယ်ဆိုတဲ့ ယုံကြည်ချက်ထားရှိရပါမယ်။ အမျိုးသားအကျိုးစီးပွားအတွက် ဦးတည်စဉ်းစားကြတဲ့အခါ အားလုံးမှာစွမ်းဆောင်နိုင်တဲ့ အားတွေရှိပြီးဖြစ်တဲ့အတွက် အကျိုးစီးပွားချင်းထပ်တူဖြစ်တဲ့ အကျိုးဝင်သက်ဆိုင်သူ stakeholder အားလုံး တက်ညီလက်ညီပါဝင်မှသာ ခရီးရောက်အောင်မြင်မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ဖိလစ်ပိုင်နိုင်ငံ အင်တာနက်မှ ငွေကြေးလိမ်လည်မှုများတွင် ဝင်ရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများကို ကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့

**နေပြည်တော် မေ ၃၁**

ဖိလစ်ပိုင်နိုင်ငံ ပမ်ပန်ဂါပြည်နယ် မာဘာလာကတ်မြို့ရှိ Clark Sun Valley Hub တွင် ပြုလုပ်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ဖိလစ်ပိုင်ရဲအဖွဲ့မှ စစ်ဆင်ရေးပြုလုပ်ကာ ကယ်ထုတ်ခဲ့ရာတွင် နိုင်ငံပေါင်းစုံမှ နိုင်ငံသား ၁၀၉၀ ခန့် တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံသား လူငယ်များ ၃၉ ဦး ပါဝင်ခဲ့သည့်သတင်းကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်စာဖြင့် မြန်မာသံရုံးသို့ မေ ၅ ရက်တွင် အကြောင်းကြားခဲ့သည်။

အထက်ပါမြန်မာနိုင်ငံသားများ ပါဝင်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံရှိမြန်မာသံရုံးယာယီတာဝန်ခံနှင့် ကောင်စစ်အရာရှိတို့မှ သွားရောက်တွေ့ဆုံခဲ့ရာ အင်တာနက်ငွေကြေးလိမ်လည်မှု (Online Scam) တွင် လူကုန်ကူးခံရ၍ ကယ်တင်ခံထားရသည့် မြန်မာနိုင်ငံသား ၃၉ ဦးနှင့် တွေ့ဆုံစိစစ်မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသား ၃၉ ဦး အနက် ပထမအသုတ်အဖြစ် ၂၀ ဦးသည် မြန်မာနိုင်ငံသံရုံး၏ စီစဉ်ပေးမှုဖြင့် ၂၀၂၃ ခုနှစ် မေ ၂၈ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကြိုဆို၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်မှုနှင့် လူကုန်ကူးခံရသည့် အခြေအနေများကို စိစစ်မေးမြန်း၍ သိရှိရသည်မှာ -

(က) ပထမအသုတ်ရောက်ရှိလာသူ ၂၀ ဦးတွင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၁၅ ဦးတို့ဖြစ်ပြီး ၎င်းတို့အားလုံးသည် အသက် ၂၂ နှစ်မှ ၃၃ နှစ်အကြားရှိ လူငယ်များဖြစ်ကြောင်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်စွာ တတ်မြောက်သူများဖြစ်ကြောင်း

(ခ) အဆိုပါမြန်မာလူငယ် ၂၀ ဦးသည် Facebook တွင် ကြော်ငြာထားသည့် Leap Group Co., Ltd. နှင့် Colorful Group Co.,Ltd. တို့၏ Website မှ တစ်လလျှင် လစာ ပီဆို ၃၀,၀၀၀ မှ ၇၀,၀၀၀ အထိလည်းကောင်း၊ တရုတ်ယွမ်ငွေ ၄,၀၀၀ မှ ၈,၀၀၀ အထိလည်းကောင်း အရည်အချင်းအပေါ်မူတည်၍ ရရှိမည်ဟု အလုပ်ခေါ်ယူသည့် ကြော်ငြာများတွေ့ရှိသဖြင့် Online မှ လျှောက်ထားခဲ့ကြောင်း၊ Online Interview ဖြင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုကို စစ်ဆေးခံရပြီး အောင်မြင်သဖြင့် အလုပ်ခေါ်စာနှင့် လေယာဉ်လက်မှတ်ကို Online မှ ပေးပို့သဖြင့် ရရှိခဲ့ကြကြောင်း

(ဂ) ၎င်းတို့ရရှိသည့် လေယာဉ်လက်မှတ်ဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့ရာ လေဆိပ်တွင် အမည်မသိသူများမှ လာရောက်ကြိုဆိုပြီး Clark Angeles မြို့ရှိ ကုမ္ပဏီရုံးဝင်းသို့ ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီဝင်းတွင် စားသောက်ရန်နှင့် နေထိုင်ရန်နေရာပေးထားကြောင်း၊ ၂/ ၃ ရက်ခန့် စမတ်ဖုန်းနှင့် ကွန်ပျူတာတို့မှ Online အသုံးပြုလိမ်လည်သည့်နည်းလမ်းများကို သင်ကြားပေးကြောင်း

(ဃ) ထို့နောက် ကွန်ပျူတာနှင့် စမတ်ဖုန်းများအသုံးပြုကာ အင်တာနက်မှ ဆက်သွယ် ရှာဖွေ၍ ချိတ်ဆက်လာသူများကို ဆွဲဆောင်စည်းရုံး၍ လောင်းကစားပြုလုပ်ရန်နှင့် ငွေကြေးလိမ်လည်သည့် နည်းစနစ်များအတိုင်း အလုပ်လုပ်ရကြောင်း၊ အလုပ်ချိန်မှာ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ၁၂ နာရီလုပ်ကိုင်ရကြောင်း၊ Online မှ လိမ်လည်စည်းရုံးခေါ်ယူသည့်လူမရလျှင် အချိန်ပို ၂ နာရီမှ ၃ နာရီအထိ နေ့စဉ် ထပ်မံအလုပ်ဆင်းရကြောင်း

(င) လုပ်ခလစာကို ပထမလတွင် သတ်မှတ်ထားသည့်အတိုင်း ရှင်းပေးသော်လည်း နောက်လများတွင် သတ်မှတ်ထားသည့် စည်းကမ်းများမလိုက်နာခြင်း၊ အလုပ်တာဝန် ပျက်ကွက်ခြင်း၊ Online လိမ်လည်သည့်အလုပ်မှ လူမရခြင်းတို့အပေါ် မူတည်၍ ငွေကြေးဖြတ်တောက်မှုများ ပြုလုပ်ကြောင်း၊ အချို့မှာ လစာလုံးဝမရရှိကြောင်း

(စ) ၎င်းတို့ကုမ္ပဏီတွင် Online လိမ်လည်သည့်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်နေသူ ၁,၀၀၀ ကျော်ခန့်ရှိကြောင်း၊ ရက်သတ္တတစ်ပတ်လျှင် ၁ ရက်သာ အလုပ်နားခွင့်ပေးပြီး အပြင်ထွက်လိုလျှင် ကြိုတင် တင်ပြရပြီး ခွင့်ပြုမှ သွားလာခွင့်ရှိကြောင်း

(ဆ) နေ့စဉ်နိုင်ငံတကာမှ အင်တာနက်မှဆက်သွယ်လာသည့် အလုပ်အကိုင်ရှာဖွေသူများ၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေးကိစ္စများတွင် ဆွဲဆောင်စည်းရုံး၍ လိမ်ညာပြီး ငွေကြေးရယူခြင်း၊ ဘဏ်အကောင့်များမှ လိမ်လည်လွှဲပြောင်းရယူခြင်းတို့ကို ဆောင်ရွက်ရကြောင်း။

အထက်ဖော်ပြပါ Online မှ ငွေကြေးလိမ်လည်ရယူမှုများကို အာရှဒေသရှိ နိုင်ငံအများစုတွင် ကျူးလွန်လျက်ရှိကြောင်း၊ Facebook, Twitter , Instragram တို့တွင် ကုမ္ပဏီကြီးများ ဟန်ဆောင်၍ ကြော်ငြာများဖြင့် လစာကောင်းကောင်းပေးမည်ဟု ဆွဲဆောင်ကာ လူသစ်များခေါ်ယူခြင်း၊ လုပ်ငန်းခွင်သို့ ရောက်ရှိသည့်အခါ သတ်မှတ်လစာနှုန်းထားမပေးတော့ဘဲ တစ်ရက်လျှင် ၁၄ နာရီခန့် အလုပ်စေခိုင်းပြီး အကျပ်ကိုင်ခြိမ်းခြောက်မှုများပြုလုပ်ကြောင်း၊ ဘဏ်ကတ်နှင့် ဘဏ်အကောင့်များမှ လိမ်လည်၍ ငွေထုတ်ယူခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် မိဘပြည်သူများအနေဖြင့် လူပုဂ္ဂိုလ်/ကုမ္ပဏီအား သိရှိခြင်းမရှိဘဲ ဆက်သွယ်လာမှုများကို ယုံကြည်မှုမရှိကြပါရန်နှင့် အမျိုးသမီးငယ်များအနေဖြင့် အလုပ်လျှောက်ထားရာတွင် အလုပ်ခေါ်ယူသည့် ကုမ္ပဏီများနှင့်ပတ်သက်၍ မှန်ကန်မှု ၊ ခိုင်မာမှု ရှိ/ မရှိကို နားလည်တတ်ကျွမ်းသူများ၊ အတွေ့အကြုံရှိသူများထံ မေးမြန်းစိစစ်ပြီးသေချာမှ သွားရောက်လုပ်ကိုင်သင့်ပါသည်။ ကုမ္ပဏီအတုအယောင်များဖြင့် Online လိမ်လည်သည့် လုပ်ငန်းများစွာ ရှိနေသဖြင့် အဆိုပါ Online လိမ်လည်မှုများတွင် ဖမ်းဆီးခံရပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအရ ဖမ်းဆီး ချုပ်နှောင်ခြင်း၊ တရားရုံးပြစ်ဒဏ်ချမှတ်ခြင်းများ ခံရမည်ဖြစ်သည်။

ယခု ဖိလစ်ပိုင်နိုင်ငံမှ စစ်ဆင်ရေးပြုလုပ်၍ ဖမ်းဆီးခံခဲ့ရသော မြန်မာနိုင်ငံသားလူငယ်များ ၃၉ ဦးတို့သည် မြန်မာနိုင်ငံသံရုံးနှင့် တာဝန်ရှိသူများ၏ အချိန်မီသိရှိဆက်သွယ်ဆောင်ရွက်ပေးနိုင်မှုကြောင့် အရေးယူခြင်းမခံရဘဲ လုံခြုံစိတ်ချစွာ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ပြည်ပနိုင်ငံများတွင် Online မှ အလုပ်လျှောက်ထားလုပ်ကိုင်မည့် မြန်မာနိုင်ငံသား လူငယ်များနှင့် မိဘပြည်သူများအနေဖြင့် ကုမ္ပဏီ အတုအယောင်များနှင့် ဥပဒေနှင့်မညီသော လိမ်ညာမှုလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ခြင်းမရှိစေရေး အထူးသတိပြု ဆောင်ရွက်ကြပါရန် အသိပေး၊ သတိပေးသတင်းထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ ကျော်ကျော်ဝင့်(ခ)စိုးနိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Soe Naing Win” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သစ်နှင့် သစ်တောထွက်ဖမ်းဆီးရမိမှု စာရင်းချုပ်

**နေပြည်တော် မေ ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **မေ ၂၂ ရက်မှ ၂၈ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း ၂၁ ဒသမ ၅၂၉၀ တန်၊ သစ်မာ ၁၁ ဒသမ ၆၁၅၂ တန်၊ အခြား ၁၈ ဒသမ ၉၄၄၈ တန် စုစုပေါင်း ၅၂ ဒသမ ၀၈၉၀ တန်၊ ယာဉ်/ယန္တရား ၁၃စီး၊** တရားခံ ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ မေ ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဘုန်းတောင်ကြိုးဝိုင်း အကွက်အမှတ် (၃) ခပေါင်းဆည်အနီးနှင့် ရေဆိပ် နေရာတို့မှ တရားမဝင် ကျွန်းသစ်လုံး/ခွဲသား/ခွဲခြမ်း/ဖရုံစိတ်/ယောင်ခြမ်း အလုံး ၁၁၀/ ချောင်း/ ခြမ်း/ စိတ် ၁၃ ဒသမ ၀၅၁၆ တန် တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခြင်းဖြစ်သည်။

**သတင်းစဉ်**



## “ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၃၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **“ဟာသမြို့တော်”** ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

**“ဟာသမြို့တော်”** ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဦးတိမ်ညွန့်၊ ဦးဥသြ၊ ဟာသမယ်မတူး၊ ရွှေယမင်း၊ သံစဉ်ကိုနှင့် ဟာသပညာရှင်များ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် **“တိုက်တိုက်ဆိုင်ဆိုင်”** ခေါင်းစဉ်ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ MRTV-HD Channel မှ ဇွန် ၃ ရက် **(စနေနေ့)** ည ၈ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဇွန် ၇ ရက် **(ဗုဒ္ဓဟူးနေ့)** ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## “ရွှေကြိုးမျိုးရဲ့ Songsters တေးဂီတဖျော်ဖြေပွဲ” မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၃၁**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် **“ရွှေကြိုးမျိုးရဲ့ Songsters တေးဂီတဖျော်ဖြေပွဲ”** ကို ဇွန် ၂ ရက် **(သောကြာနေ့)** ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **“မြန်မာ့အသံတေးဂီတ”** အဖွဲ့၏ တီးခတ်မှုနှင့်အတူ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရွှေကြိုးမောင်မယ်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည့်သုခ၊ မြတ်သူရိန်ကျော်၊ ရှင်ဘုန်းပြည့်၊ မိမွန်မြတ်သူ၊ ခြူးပြည့်အိမ်စည်၊ ယွန်းအိမွန်၊ နိုနိုပြည့်ဝေလျှံ၊ ဇင်စန္ဒာထွန်း၊ Ella ရွှေစင်နှင့် ဝင်းဖန့်ကြည်ဝင်းတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇွန် ၄ ရက် **(တနင်္ဂနွေနေ့)** နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တီးတိန်မြို့၌ သဘာဝဘေးသင့်ပြည်သူများကို တတိယအကြိမ် ထောက်ပံ့ပစ္စည်းများပေးအပ်

**တီးတိန် မေ ၃၁**

ချင်းပြည်နယ် တီးတိန်မြို့၌ သဘာဝဘေးပြန်လည်ထူထောင်ရေး တာဝန်ခံ ဗိုလ်မှူးချုပ် ဝင်းကိုကိုနှင့် တာဝန်ရှိသူများက အမှတ်(၂၆၉) ခြေလျင်တပ်ရင်းခန်းမတွင် မေ ၃၀ ရက် မွန်းလွဲ ၂နာရီက တီးတိန်မြို့ သဘာဝဘေးသင့်ပြည်သူများအား တတိယအကြိမ် ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲ ပြုလုပ်သည်။



ရှေးဦးစွာ ဗိုလ်မှူးချုပ်ဝင်းကိုကိုက အမှာစကား ပြောကြားခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ သဘာဝဘေးသင့်ပြည်သူများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြသည်။ တီးတိန်မြို့နယ်တွင် အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၁၃၄ ဦး၊ စာသင်ကျောင်း သုံးကျောင်း သဘာဝဘေးဒဏ် ကျရောက်ခဲ့ကြောင်း သိရသည်။

**မိုးမိုး**



မေ ၃၀ ရက် နံနက်က ပဲခူးမြို့ အ.ထ.က (၁) သီရိပညာခန်းမ၌ ကျောင်းအပ်နှံရေးအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက ကျောင်းသူ ကျောင်းသားများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးပုံနှိပ်နှင့် စာရေးကိရိယာများအား ပေးအပ်စဉ်။ ကိုတွတ်(ပြန်/ဆက်)


ဘုံပိုင်ခေါင်းမှ
ရေစက်ကျမနေစေရန်
ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ
ဖွင့်ထားခြင်းမပြုပါနှင့်။


မြဝတီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ မေ ၃၀ ရက်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

ထိန်လင်းအောင် (ပြန်/ဆက်)



## သာစည်မြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**သာစည် မေ ၃၁**

သာစည်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၁ ရက်နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သော ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဇွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၅ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၉၀ ကျပ် | ၁၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၀၀၀ | ၃၀၉ | ၂၅၀၂၆၀၀ |
| MTSH | ၂၈၀၀ | ၂၈၀၀ | ၂၃၃၂၉ | ၆၅၃၁၀၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၁၉၇၀ | ၂၈၅၆၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၉၀ | ၂၂၀၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၇ | ၃၄၁၀၀ |

ညီညီ - စုစည်းသည်

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်စဉ် ITCS – ၃/ ၂၀၂၃

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဂြိုဟ်တုဆက်သွယ်ရေးဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

Lot.1 (i) iDirect Satellite Hub System Expansion for C–Band 1 Set
(ii) Auto Flat Panel Portable VSAT Terminal 1 No
Lot.2 (i) Online UPS 40 kVA & Battery Bank 2 Sets
(ii) 5 HP 3 Phase Motor and Compressor 2 Sets
(iii) C–Band Antenna Power Back Up Installation
Lot.3 Newtec Hub System သုံး Ku–Band VSAT စခန်း (၆) ခုအတွက် ဂြိုဟ်တုဆက်ကြောင်း ဝန်ဆောင်မှု၊ အင်တာနက်ဝန်ဆောင်မှုပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း
Lot.4 iDirect Hub System သုံး Ku–Band VSAT စခန်း (၂) ခုအတွက် ဂြိုဟ်တုဆက်ကြောင်း ဝန်ဆောင်မှု၊ အင်တာနက်ဝန်ဆောင်မှုပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း
Lot.5 စခန်း (၈) ခုအတွက် CCTV Monitoring System နှင့် Power System ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း
Lot.6 Battery Tester 1 No
Lot.7 Newtec Satellite Hub Technical Support

တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် – ၂–၆ –၂၀၂၃ ရက် (သောကြာနေ့)
တင်ဒါပုံစံ အရောင်းပိတ်မည့်ရက် – ၁၆ – ၆ –၂၀၂၃ ရက် (သောကြာနေ့)
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် – ၃၀– ၆–၂၀၂၃ ရက် (သောကြာနေ့) (မွန်းလွဲ ၂:၀၀ နာရီထိ)
တင်ဒါပုံစံ ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ – ထောက်ပံ့ဌာနစိတ်၊ စီမံ/ဘဏ္ဍာ/ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ထောက်ပံ့ဌာနစိတ်ဖုန်းနံပါတ် (၀၆၇–၃၄၀၇၇၅၃) နှင့် ဂြိုဟ်တုဆက်သွယ်ရေးဌာနဖုန်းနံပါတ် (၀၆၇–၃၄၀၇၇၁၃)၊ Email – eesp.sat.itcs@e–motc.gov.mm , ce.itcs@e–motc.gov.mm များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၂)၊ နေပြည်တော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးငွေးလှိုင် (ဘ) ဦးငွေးမောင် ၉/သေရ(နိုင်) ၀၀၅၂၇၆ ၏ ပတ်စ်ပို့နံပါတ် (806113) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၆၀၄၀၂၁၁၅**

## အမည်ပြောင်း

အေလာမြို့၊ မြို့သစ်(၃)လမ်းနေ ဦးချစ်မင်းလူ–ဒေါ်ချစ်ချစ်ဇော်တို့၏ သမီး မမေခအား မန္တေခမေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မန္တေခမေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၄၄၄၁၃, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၇/ပမန(နိုင်)၀၇၆၂၈၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/5178 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီအောင် ၁၀/မလမ(နိုင်)၁၆၃၅၈၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၅၄၆၆၉ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဦး ၇/ပတတ(နိုင်) ၁၁၇၄၇၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/81573 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဇော်ဦး ၇/တငန(နိုင်) ၂၃၁၈၄၄က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် အောက်ဖော်ပြပါပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) (Fixed P2.5 (9m x 5m ) Indoor LED Screen (၁)ချပ် ဝယ်ယူခြင်း)
**တင်ဒါပုံစံထုတ်ပေးမည့်ရက်** – ၁–၆–၂၀၂၃ ရက်
**တင်ဒါပိတ်မည့်ရက်** – ၁၄–၆–၂၀၂၃ ရက်၊ ၁၆:၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** – MICC–2 အဆောက်အဦရုံးခန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်–
**စုံစမ်းရန်နေရာ/ဌာန** – MICC–2 အဆောက်အဦရုံးခန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
**ဆက်သွယ်ရန်ဖုန်း** – ၀၆၇–၃၄၂၂၉၉၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ် (၅–ဘီ)၊ ဇိုင်းဂနိုင်းမြောက်ရပ်၊ ဦးပိုင်အမှတ် (၁၇၄)၊ ဧရိယာ ၀.၀၇၈ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်လဲ့လဲ့ဝင်း၊ ဦးအောင်ဝင်းတို့မှ အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။

**ဒေါ်လဲ့လဲ့ဝင်း၊ ဦးအောင်ဝင်း**
**ဖုန်း–၀၉–၅၃၀၂၃၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ အကွက်အမှတ် (၁၆–အေ)၊ မိုင်တာရပ်၊ ဦးပိုင်အမှတ် (၂၇–ခ၃)၊ ဧရိယာ ၀.၀၈၅ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်လဲ့လဲ့ဝင်း၊ ဦးအောင်ဝင်းတို့မှ အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။

**ဒေါ်လဲ့လဲ့ဝင်း၊ ဦးအောင်ဝင်း**
**ဖုန်း–၀၉–၅၃၀၂၃၆၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇဗ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် –၁၁/၃/အောင်ချမ်းသာ (အောင်ဇမ္ဗူ)၊ မြေကွက်အမှတ် (၁၁)၊ ဧရိယာ ၀.၁၀၈ဧကအား အမည်ပေါက် ဒေါ်အေးအေးအောင်(ဘ)ဦးကြိုင် ၉/လဝန(နိုင်) ၁၇၉၇၂၅မှ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်၊ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဦးခင်သိန်း (၁၁/တကန(နိုင်) ၀၀၂၅၆၇) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၂၉၃)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း (၂၀ x ၆၀)ပေရှိ ဂရန်မိတ္တူခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်များဖြင့် လက်ရောက်ရယူ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ချိုချိုမွန် (၁၀/မလမ(နိုင်) ၀၅၀၇၀၈၆)က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရန်ပိုင်စိုး တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၉၁)**
**အမှတ်(၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၂၆၂၉၄၉၇၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည် (၇/မြို့အနောက်ရပ်)ရှိ အလျားပေ ၆၀xအနံပေ ၄၀၊ ဧရိယာ ၀.၀၅၅ ဧကကျယ်ဝန်းသော မြေကွက်အမှတ် (ပ–၃၀၇၈၇)သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးဝင်းမြင့်(ဘ) ဦးခင်မောင် ၅/ရဘန(နိုင်)၀၆၄၀၂၃ အမည်ဖြင့် နှစ် ၃၀ အငှားဂရန်ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ RC တစ်ထပ်တိုက် အဆောက်အအုံအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဝင်းမြင့်ထံမှ စာချုပ်ချုပ်ဆို ဝယ်ယူလက်ရှိထားပိုင်ဆိုင်သည့်အပြင် အထူးကိုယ်စားလှယ်လွှဲစာရရှိထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာမိုးမြင့်(ဘ)ဦးလှမြင့် ၉/မမန(နိုင်) ၀၁၅၆၁၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမျိုးကြွယ် ၈/မကန(နိုင်)၁၃၇၅၉၀က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည့်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးကြွယ် ၈/မကန(နိုင်)၁၃၇၅၉၀၏ လွှဲအပ်ချက်အရ–**
**ဦးမင်းစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၅၂၄၁)**
**အောင်မင်္ဂလာ (၂)လမ်း၊ ပျဉ်းမနားမြို့၊ ဖုန်း–၀၉–၄၃၀၂၀၂၉၁၊၀၉–၉၄၃၀၂၀၂၉၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅) လှိုင်ကော်မြို့နယ်တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀

ဦးဆလိုင်းကျော်ဇင်ဦး နှင့် ဒေါ်လှမြင့်
**တရားလို** **တရားပြိုင်**

လှိုင်ကော်မြို့၊ နောင်ယား (က)ရပ်ကွက်နေ ဒေါ်လှမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဆလိုင်းကျော်ဇင်ဦးက အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန် ၁၆ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စိုင်းအောင်မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**လှိုင်ကော်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်–၆(က)ကန် ဖျားကွင်း၊ ဦးပိုင်အမှတ်(၅၁၄+၅၁၉)၊ စုစုပေါင်းမြေဧရိယာ (၀ဒသမ၀၆၈)ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ်(၁၀၃/၁၀၄/၂၀၀၄–၂၀၀၅)အရ ဦးသန်းမြင့်အမည်ဖြင့်ရရှိခဲ့ပြီး (၈–၆–၂၀၂၂)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသန်းမြင့် ၆/မအရ(နိုင်) ၀၆၄၂၉၈၊ ဒေါ်ချိုချိုအေး ၆/မအရ(နိုင်) ၀၁၀၈၇၃ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၂၆၅၃၈, Honda Wave 100 NCX, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောစိုးအောင် ၆/ထဝန(နိုင်)၀၆၉၄၃၂ က (ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၁၃၂၇၄, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်းထိုက် ၆/မမန(နိုင်) ၁၂၃၀၃၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/79373, Thai Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Bastern Utopia Co., က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/48947, Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထွန်း ၉/အမဇ(နိုင်) ၀၃၄၁၇၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ထိန်အင်းကျေးရွာအုပ်စု၊ ထိန်အင်းကျေးရွာနေ ဦးလှသန်း၏သား ကျွန်တော် မောင်တင်မိုးဝင်း ၈/ဆပဝ (နိုင်) ၁၀၃၅၉၇ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ်(MA–950815) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၈၀၉၉၆၇၉**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မြေဖြူမုံညင်းကျေးရွာအုပ်စု၊ ဖူလုံကျေးရွာနေ ဦးအိုက်အောင်၏သမီး ကျွန်မ မနန်းထွေးအောင် ၈/ရစက (နိုင်) ၁၅၄၃၆၁ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ်(M–342802) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်း ကြားပေးပါရန်။

**ဖုန်း–၀၉–၉၈၅၆၂၆၂၂**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဘော်မြင့်ကျေးရွာအုပ်စု၊ ကွဲခြံကျေးရွာနေ ဦးအေးလွင်၏သား ကျွန်တော် မောင်လှမင်းထွဋ် ၈/ဆပဝ (နိုင်) ၀၇၈၅၅၂ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ်(ME–967355) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၁၄၆၇၅၈၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/3570, TVS–200. T.W vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြင့်လှိုင် ၉/ပကခ(နိုင်) ၀၁၃၆၂၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5409, Ford Ranger Pickup(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၁၂/ကမရ(နိုင်) ၀၃၄၁၄၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ တိုက်အမှတ်(၇၉/ခ)၊ အခန်း– (မှန်ခန်း)(ခြေရင်းဘက်)၊ အကျယ်အဝန်း (၁၂.၅ပေ× ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စာခြည်ငွေး (၁၄/ဝခမ (နိုင်) ၁၅၃၈၂၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
**ဦးပြည့်ဖြိုးအောင်** LL.B, အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၈၇၅)၏ ခြေရင်းဘက် ပေ(၂၀x၆၀)ရှိ ဦးတင်ငွေ အမည်ပေါက် မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သူ ဦးမြလှိုင် ၁၂/သလန(နိုင်)၀၄၃၁၉၄ ထံမှ ဒေါ်တင်လေးမွန် ၇/ကပက(နိုင်)၀၆၄၀၄၃ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ထူးထူးမြတ်(LL.B) | ဦးစိုးဟန်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၂၅၃၆)(၁၆-၅-၂၀၁၇) | (စဉ်-၅၈၁၂)(၁၇-၁၂-၁၉၉၁) |
| | အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့ |
| | ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊ ၀၉-၄၄၃၁၆၉၄၁၂ |

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဝေါမြို့နယ်တရားရုံး
၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၁၇

မဖြူဝင်း နှင့် ကိုစိုးသူအောင်
(တရားလို) (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဒလန္တမ်းကျေးရွာနေ တရားပြိုင် ကိုစိုးသူအောင် သိစေရမည်။

သင့်အပေါ်၌ တရားလို မဖြူဝင်းက အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်) နံနက် (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းသီဟအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဝေါမြို့နယ်တရားရုံး

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ
## 'GOLDEN GW INTERNATIONAL TRADING COMPANY LIMITED'
## ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ မေ ၂၉ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "GOLDEN GW INTERNATIONAL TRADING COMPANY LIMITED" အား ၂၉-၅-၂၀၂၃ ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် (B.Com(Q) C.P.A, ASEAN CPA, Member of MAIP)အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်း ဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ်၊ ဇွန် ၃၀ ရက်နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်စန်းကြည် (B.Com (Q) C.P.A) | DAW MYINT MYINT AYE |
| (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) | Managing Director |
| | 'GOLDEN GW INTERNATIONAL TRADING COMPANY LIMITED' |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေ (၁၀)ရပ်ကွက်၊ အမှတ်(၇၁)နေ ဦးငွေစိုး ၁၃/တကန(နိုင်)၀၅၄၇၅၄နှင့် ဒေါ်ခင်ဌေးမြင့် ၇/နတလ(နိုင်)၀၀၅၃၈၂တို့၏သားဖြစ်သူ ကိုဟိန်းဟန်စိုး ၁၃/တကန(နိုင်)၂၁၆၀၄၇သည် မိဘများ၏သွန်သင်ဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများအား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ကိုဟိန်းဟန်စိုးအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ကိုဟိန်းဟန်စိုးနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းနီနီဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ
စဉ်-၁၃၁၅၆၊ ဖုန်း-၀၉-၄၄၀၄၅၇၃၉၉
အမှတ် (၂၇)၊ နယ်မြေ (၁)၊ ရပ်ကွက် (၆)၊ အေးသာယာမြို့

## ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ မြို့နယ်သမဝါယမအသင်းစု(လီမိတက်) လေလံခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ မြို့နယ်သမဝါယမအသင်းစု (လီမိတက်)မှ ပိုင်ဆိုင်သော ပန်းတနော်မြို့၊ မြို့မအနောက်ပိုင်းရပ်ကွက်၊ သီရိလမ်းသွယ်ပေါ်ရှိ မြေကေ ၀ ဒသမ ၅၃၅ ကေပေါ်ရှိ (၉၉x၇၄x၂၉)ပေ (သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း) (U- Shaped M.S Famed Building) Rcc-၂ ထပ် အဆောက်အအုံ (အပေါ်ထပ်ရုံးခန်း၊ အောက်ထပ်ဈေးဆိုင်ခန်းများ) အား မြေပြင်မျက်မြင်အခြေအနေအတိုင်း အိတ်ပိတ်လေလံစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်-

- **လေလံရောင်းချမည့်ရက်** - ၅-၆-၂၀၂၃ ရက်မှ ၁၅-၆-၂၀၂၃ ရက်အထိ
- **လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၁၅-၆-၂၀၂၃ ရက် (၁၆:၀၀)နာရီ
- **လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - ပန်းတနော်မြို့၊မြို့နယ်သမဝါယမအသင်းစုရုံး

၂။ အာမခံပေးသွင်းထားသည့် အထောက်အထားမူရင်းအားသက်ဆိုင်ရာ လေလံထုခွဲရောင်းချရေးအဖွဲ့ အသင်းအမှုဆောင်ထံ သီးခြားအပ်နှံပြီး လေလံဈေးနှုန်းတင်သွင်းလွှာ၊ လျှောက်လွှာများကို လေလံပိတ်ရက် ၁၅-၆-၂၀၂၃ ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပန်းတနော်မြို့၊မြို့နယ်သမဝါယမအသင်းစုရုံးသို့ တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ ။

၃။ လျှောက်လွှာပိတ်သိမ်းပြီးနောက်နေ့ ၁၆-၆-၂၀၂၃ ရက် ၁၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်းကို ပန်းတနော်မြို့၊ မြို့နယ်သမဝါယမအသင်းစု (လီမိတက်)ရုံး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း - ၀၉-၄၂၂၄၅၆၄၃၈၊ ၀၉-၄၅၁၄၃၇၇၈၈၊ ၀၉-၄၂၅၀၀၆၁၂၈

လေလံထုခွဲရောင်းချရေးအဖွဲ့

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ
## 'KING AND QUEEN RED DRAGON COMPANY LIMITED'
## ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ် မေ ၂၉ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ 'KING AND QUEEN RED DRAGON COMPANY LIMITED' အား ၂၉-၅-၂၀၂၃ ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် (B.Com(Q) C.P.A, ASEAN CPA, Member of MAIP)အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်း ဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက်နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်စန်းကြည် (B.Com (Q) C.P.A) | DAW AYE THET AUNG |
| (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) | Managing Director |
| | 'KING AND QUEEN RED DRAGON COMPANY LIMITED' |

## ဦးအောင်မြင့် အမျိုးသားမှတ်ပုံတင်အမှတ် MNN ၀၅၅၅၁၀ သိရှိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အိမ်အမှတ် CR(100)နေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆန်မိုင် ၁/မကန(နိုင်)၁၃၅၂၉၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်မြင့် အမျိုးသားမှတ်ပုံတင်အမှတ် MNN ၀၅၅၅၁၀ သိရှိစေရန်ကြေညာအပ်သည်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအကွက်အမှတ်၁၂/၂က၊ စီတာပူတောင်၊ ဦးပိုင်အမှတ် ၃၊ မြေချိန်ဧရိယာ(၁၈၃)ကေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလဂရန်အမည်ပေါက်သူ ဦးအောင်မြင့် MNN ၀၅၅၅၁၀ ထံမှ ဒေါ်ခဘောင်းဆိုင်းဘူက လည်းကောင်း၊ ဒေါ်ခဘောင်းဆိုင်းဘူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆန်မိုင်မှ အထက်ဖော်ပြပါမြေကွက်၏ ဧရိယာ ၀ ဒသမ ၀၉၆ ကေကို အဆင့်ဆင့် လွှဲပြောင်းဝယ်ယူပြီး လက်ရောက်ရရှိအကျိုးခံစားလာခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ဆန်မိုင်က ၎င်းဝယ်ယူထားသည့်အိမ်ခြံမြေကွက်ကို အရောင်းအဝယ်အထမြောက်စေရန် မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုသည့်အတွက် အထက်အမည်ပါ ရောင်းချသူ ဦးအောင်မြင့်အနေဖြင့် ဒေါ်ဆန်မိုင်ထံသို့ဖြစ်စေ (သို့)ကျွန်ုပ်တို့ထံသို့ဖြစ်စေ ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ဆန်မိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဝေလင်းအောင်(LL.B) | ဒေါ်လုမိုင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ် ၁၀၅၉၃/၃၀-၄-၂၀၁၅) | (စဉ်-၅၁၂၈၈/၂၈-၆-၂၀၁၉) |
| အမှတ်(၁/၆၈)၊ကြက်ပေါင်ခြံရပ်ကွက်၊ | အမှတ် ၃/၄၉(အီး)မန်ခိန်ရပ်ကွက်၊ |
| မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့ |
| ဖုန်း-၀၉-၄၀၀၀၂၆၄၃၇ | ဖုန်း-၀၉၇၉၂၅၉၃၅၉၆ |

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရန်ကုန်မြစ်ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်၏ ၁-၁၀-၂၀၂၃ မှ ၃၁-၃-၂၀၂၄ ရက်ထိ ၆ လကာလအတွက် ရန်ကုန်မြစ်ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအား သောင်တူးလုပ်ငန်းအတွေ့အကြုံ/ စက်ယန္တရား/ နည်းပညာပြည့်စုံသော ပြည်တွင်း/ ပြည်ပ/ ဖက်စပ်ကုမ္ပဏီကြီးများ အနက် အသင့်လျော်ဆုံးကုမ္ပဏီတစ်ခုအား တင်ဒါစိစစ်ရွေးချယ်ခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက် (၁/၂၀၁၇) အပိုဒ် ၂၆/၂၇/၂၈/၂၉/၃၀ တို့နှင့်အညီ စိစစ်ရွေးချယ်၍ လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီကြီးများအနေဖြင့် အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (ပြည်ပကုမ္ပဏီကြီးများအနေဖြင့် ပြည်တွင်းကုမ္ပဏီတစ်ခုခုနှင့် JV ပြုလုပ်ခြင်း သို့မဟုတ် ရုံးခွဲဖွင့်လှစ်ထားရှိရမည်။)

- (က) **တင်ဒါလျှောက်လွှာများ ဝယ်ယူရမည့်နေရာ** - ဗဟိုပစ္စည်းထိန်းဌာန၊ဗိုလ်တထောင်
- (ခ) **တင်ဒါလျှောက်လွှာများ ရောင်းချမည့်ရက်** - ၂-၆-၂၀၂၃ မှ ၂၈-၆-၂၀၂၃ထိ(ရုံးချိန်)
- (ဂ) **တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်ရက်/အချိန်** - ၄-၇-၂၀၂၃ (၁၃:၀၀)နာရီ
- (ဃ) **တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်နေရာ** - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)
- (င) **တင်ဒါပဏာမဖွင့်ဖောက် စိစစ်လက်ခံမည့်အချိန်** - ၄-၇-၂၀၂၃ (၁၄:၀၀)နာရီ

၃။ အသေးစိတ်သိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- (က) **ရေကြောင်းဌာန** - ၀၁၈၂၄၆၃၈၀၊ ၀၁၈၃၈၇၁၁၇ လိုင်းခွဲ (211)
- (ခ) **ဗဟိုပစ္စည်းထိန်းဌာန** - ၀၈၁၆၁၀၂၃၀

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၁၀)ရပ်ကွက်၊ (၆)လမ်း၊ မြေကွက်အမှတ် a-ဒ သုသာန်ကျောင်း၊ ဦးပိုင်အမှတ်(၂၃-က)၊ ဧရိယာ ၀ ဒသမ ၁၅၃ ကေအကျယ်အဝန်းရှိ ဦးခင်မောင်လေး အမည်ပေါက်သည့် ဂရန်မြေပေါ်ရှိ တိုက်အမှတ်(B-1)၊ တိုက်ခန်းအမှတ် (၈-က)၊ မြေညီထပ် (လက်ဝဲဘက်ခြမ်း)၊ တိုက်ခန်းအား ကန်ထရိုက်တာ ဦးမင်းလွင် (ရွှေကံစည် ဆောက်လုပ်ရေးကုမ္ပဏီ) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးသန္တာ ၁၄/ဖပန(နိုင်)၀၉၆၀၉၀ မှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ(ပိုင်ရေးဆိုင်ခွင့်ရှိသူ) မည်သူမဆို ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်းB.A (Law),LL.B
တရားလွှတ်တော်ရှေ့နေ စဉ်-၁၃၀၀(၁၇-၅-၁၉၇၂)
အမှတ်(၃၆)၊ ဒုတိယလမ်း၊ (၆)ရပ်ကွက်၊ ဖျာပုံမြို့

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၂)၊ ဦးပိုင်အမှတ် (၄၉/ဆ)၊ မြေဧရိယာ ၀ ဒသမ ၂၀၈ ကေရှိ မြေကွက်သည် မူလက ဒေါ်လုစိန်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၆၈၉(၃)၂၀၀၂-၂၀၀၃ အရ ၂၉-၃-၂၀၁၅ ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်လုစိန် (၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးနေဝဏ္ဏဦး)က ၂၄-၄-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၇၅/၂၀၂၃)အရ ၎င်းပိုင်ဆိုင်သည့် မူလမြေဧရိယာ ၀ ဒသမ ၂၀၈ ကေအနက် တောင်ဘက်ခြမ်း မြေဧရိယာ ၀ ဒသမ ၀၉၁ ကေအား ဦးစောလုရွှေ ၁/မကတ(နိုင်)၀၃၀၁၉၇ နှင့် ဒေါ်စွဲ့သန်းသန်းဆင့် ၁/မကတ(နိုင်)၀၃၀၁၉၈ (၂)ဦးထံသို့ ခွဲစိတ်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးစောလုရွှေပါ (၂)ဦး အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာပါသဖြင့် လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ (၈)လမ်းနေ (ဘ)ဦးမြသောင်း၏ သမီး ကျွန်မ မခင်အေးတင့် ၈/ပခက(နိုင်)၀၀၈၉၂၄ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MA-478179) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၆၄၀၉၃၁

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၂၂-၁၁-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာ (၂၅)တွင် ပါရှိသော မောင်သူရိန်ဝင်းရှိန် ၁၂/မဂဒ(နိုင်)၀၈၇၃၅၂ နှင့် မောင်ဟိန်းထက်အောင် ၁၂/မဂဒ(နိုင်)၁၀၀၈၃၃ တို့အား သားအဖြစ်မှ စွန့်လွှတ်ခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပယ်ဖျက်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဝင်းရှိန်-ဒေါ်ခင်မြဝေ
၁၂/မဂဒ(နိုင်)၀၃၆၆၈၃-၁၂/မဂဒ(နိုင်)၀၃၆၆၈၄

## မွေးစားသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

